ကျွန်တော်တို့ ဘာစားကြမလဲ။

Let see the menu.

ပေးစမ်းဗျာ၊ အစားအသောက်စာရင်း ကြည့်ရအောင်။

Waiter, Please let me have the menu.

ဒီမယ် . . . အစားအသောက်စာရင်း ပြစမ်းပါ။

Here you are, Sir. What would you care to have? Would you like to have a lacarte?

ဒီမှာပါခင်ဗျာ၊ ဘာများ စားလိုပါသလဲ၊ အစားအသောက်စာရင်းထဲမှာပါတဲ့ အထဲကပဲ စားလိုပါသလား။

Yes, let's have this chicken and mushroom, fried bean-curbs and fried rice.

ကြက်သား၊ မှိုဟင်း၊ ပဲပြားကြော်နှင့် ထမင်းကြော်ယူခဲ့ပါ။

Very well Sir, aynthing else Sir.

ကောင်းပါပြီခင်ဗျာ၊ နောက်ကော ဘာများ မှာဦးမလဲ။

I think fruit-salad will do.

သစ်သီးစုံဆို တော်ပါပြီ။

Well, did you enjoy your lunch?

ထမင်းစားလို့မြိန်ရဲ့လား။

Very much. Good taste.

သိပ်မြိန်ပါတယ်၊ အရသာရှိတယ်။

I like that dish of chicken and mushroom.

ကျွန်တော်တို့ မှိုဟင်းနဲ့ ကြက်သားဟင်းကို သဘောကျတယ်။

Yes, that's the speciality of that restaurant.
ဒါကြောင့် ဒီဆိုင် နာမည်ကြီးတာပဲ။
Now, where shall we go?
ကိုင်း . . . အခု ဘယ်သွားကြမလဲ။
Shall we go to the picture?
ရုပ်ရှင်သွားကြည့်ရ မကောင်းဘူးလား။
It's a good idea. Let's go. (Let's move)
သည်အကြံကောင်းတယ်။ ကိုင်း . . . သွားကြစို့။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| Resturant | (n) | ပျော်ပွဲစားရုံ (a place where meals are sold) |
| engage | (v) | ငှားရမ်းထားသည် (hire) |
| order | (v) | အမိန့်ပေးသည် (command) |
| order | (n) | အမိန့် |
| menu | (n) | အစားအသောက်စာရင်း (a bill off are) |
| waiter | (n) | စားပွဲထိုး (server of the table) |
| a' lacarte | (adv) | တစ်မျိုးပြီးတစ်မျိုးစားရသော အစားအစာ (of meals, ordered from a list) |
| chicken | (n) | ကြက်သား |
| mushroom | (n) | စားကောင်းသောမှို |
| fried | (v) | ကြော်ခဲ့သည် |
| fried | (a) | ခြောက်အောင်ထားသော |
| bean | (n) | ပဲသီးတောင့်တစ်မျိုး |
| bean-curbs | - | ပဲပြားကြော် |
| fruit | (n) | သစ်သီး |
| fruit salad | - | သစ်သီးမျိုးစုံ |
| enjoy | (v) | ပျော်ရွှင်သည် |

dish of chicken and mushroom - မှိုနှင့်ကြက်သားဟင်း

| | | |
|---|---|---|
| speciality | (n) | ထူးခြားသော အချက် |
| idea | (n) | စိတ်ကူး၊ အကြံ |
| a good idea | - | အကြံကောင်း၊ ကောင်းသောအကြံ |

# AT A MEAL ထမင်းဝိုင်း

I'm so glad you could make it.
ခင်ဗျားလာနိုင်တာ ဝမ်းသာလိုက်တာဗျာ။
Now let's go into the drawing-room.
လာဗျာ ... ဧည့်ခန်းထဲ သွားကြရအောင်။
You will meet your friends there.
ခင်ဗျားသူငယ်ချင်းတွေ တွေ့ရလိမ့်မယ်။
Don't be shy. Help yourselves to anything you like.
ရှက်လဲ မရှက်ကြနဲ့၊ စားချင်တာ ယူစားကြပါ။
Hey, you must have spent a lot of money on his.
ဒီထမင်းပွဲအတွက် ပိုက်ဆံအတော် အကုန်အကျများမှာပဲ။
My wife is a good cook. She hasn't spent so much.
ကျွန်တော်၏ဇနီးသည်က အချက်အပြုတ်တော်တယ်၊ ပိုက်ဆံအကုန်အကျ သိပ်မများပါဘူး။
I like this dish.
ဒီဟင်း စားကောင်းတယ်ဗျာ။
Do you know what it is?
ဘာဟင်း ထင်သလဲ။
I thought it was chicken.
ကျွန်တော်က ကြက်သားဟင်းမှတ်လို့။
You're wrong. It's fish. Do help yourselves.
ခင်ဗျား မှားပြီ၊ ကြက်မဟုတ်ဘူး၊ ငါးပါ၊ ကိုင်း ... ယူစားကြပါဦး။
Would you like some more rice?
ထမင်းထည့်ပါဦး။
Yes, please. Just a little.
ဟုတ်ကဲ့၊ နည်းနည်းပဲနော်။
Well, it was a very good dinner. We all enjoyed it. Really?
သိပ်စားကောင်းတာပဲ၊ ကျွန်တော်တို့အားလုံး ထမင်းစားမြိန်ကြတယ်ဗျာ၊ တကယ်ပဲလား။
Oh, yes, please thank you wife, for this very good dinner.
တကယ်ပါဗျာ၊ ခင်ဗျားဇနီးကိုလဲ အခုလို ချက်ပြုတ်ကျွေးလို့ ကျေးဇူးတင်ကြောင်း ပြောပြပါ။

**Glossary** (အဓိပ္ပါယ်)

| | | |
|---|---|---|
| drawing-room | (n) | ဧည့်ခန်း (room for the reception) |
| meet | (v) | တွေ့သည် (come face to face) |
| shy | (a) | ရှက်ကြောက်သော (bashful) |
| like | (v) | နှစ်သက်သည် (prefer) |
| spend | (v) | သုံးစွဲသည် (use, expend) |
| a lot of money | - | ပိုက်ဆံများများ |
| cook | (v) | ချက်ပြုတ်သည်။ |
| a good cook | - | အချက်အပြုတ်ကောင်းသူ |
| wife | (n) | ဇနီး (married woman) |
| dish | (n) | ဟင်း၊ အစားအစာ (basin for food) |
| chicken | (n) | ကြက်သား |
| really | (adv) | တကယ် |
| thank | (v) | ကျေးဇူးတင်ပါသည်။ |
| thanks | (n) | ကျေးဇူးစကား |
| wrong | (a) | မှားသော |
| fish | (n) | ငါး |
| rice | (n) | ထမင်း |
| little | (a) | အနည်းငယ်သော (small, tiny) |
| just a little | - | နည်းနည်းပဲ |
| dinner | (n) | ညနေစာ (Chief meal of the day) |

# DAILY ACTIVITIES နေ့စဉ်သွားလာလုပ်ရှားမှုများ

What time do you get up?
ခင်ဗျား ဘယ်အချိန် အိပ်ရာက ထသလဲ။
I get up about Seven.
ခုနစ်နာရီလောက်မှာပါ။
What time do you have breakfast?
ခင်ဗျား နံနက်စာ ဘယ်အချိန်မှာ စားသလဲ။
I have my breakfast at a quarter to eight?
နံနက် ခုနစ်နာရီ လေးဆယ့်ငါးမိနစ်မှာပါ။
What do you usually do in the afternoon?
မွန်းလွဲမှာ ခင်ဗျား ဘာတွေလုပ်တတ်သလဲ။
We usually study or read.
အများအားဖြင့် ကျောင်းစာကြည့်၊ ဒါမှမဟုတ်ရင် စာဖတ်လေ့ရှိပါတယ်။
Do yo ever go to museums?
ပြတိုက်ကို ခင်ဗျားရောက်ပြီးပြီလား။
I go ever now and then.
မကြာခဏသွားပါတယ်။
What kinds of things do you like to see?
ကြည့်ရတာ ဘယ်ဟာတွေကို ကြိုက်သလဲ။
I enjoy seeing statues and old paintings.
ပန်းချီကားများနဲ့ ရုပ်တုတွေကိုကြည့်ရတာ ကြိုက်ပါတယ်။
Do you ever listen to the radio?
ခင်ဗျား ရေဒီယို နားထောင်လေ့ရှိသလား။
Certainly. In fact. I listen practically every night
ဟုတ်ကဲ့ နားထောင်ပါတယ်၊ အမှန်ပြောရရင် ညတိုင်းလိုလို နားထောင်ပါတယ်။
What's your favourite Program?
ခင်ဗျားအကြိုက်ဆုံးအစီအစဉ်က ဘယ်ဟာတွေလဲ။
I like the eleven o'clock theatre best of all.
ဆယ့်တစ်နာရီမှာလာတဲ့ ပြဇာတ်အခန်းကို အကြိုက်ဆုံးပဲ။
Do you watch television very often?
ရုပ်မြင်သံကြား မကြာခဏ ကြည့်ပါသလား။

Well, I sometimes watch it in the evening.
ဆိုပါတော့၊ တစ်ခါတစ်ရံ ညနေဘက်မှာ ကြည့်ပါတယ်။
Did you watch television last night.
လွန်ခဲ့တဲ့ညကကော တယ်လီဗေးရှင်း ကြည့်သေးလား။
Yes, I did. I saw several good programs.
ဟုတ်ကဲ့၊ ကြည့်ပါတယ်၊ ကောင်းတဲ့အစီအစဉ် တော်တော်များများကို တွေ့ခဲ့ပါတယ်။
Does he always works hard?
သူ အလုပ်ကို ကြိုးကြိုးစားစားလုပ်ရဲ့လား။
He always works hard.
သူ အမြဲ အလုပ်ကြိုးကြိုးစားစားလုပ်ပါတယ်။
Are they always late?
သူတို့ အမြဲပဲ နောက်ကျသလား။
They're always late.
သူတို့ အမြဲနောက်ကျပါတယ်။
Is she always serious?
သူမ အမြဲပင် အိန္ဒြေရှိသလား။
She's always serious.
သူမ အမြဲပင် အိန္ဒြေရှိပါတယ်။
Does he always write carefully?
သူ အမြဲပင် စာကို ဂရုတစိုက်ရေးသလား။
He always writes carefully.
သူ အမြဲပင် ဂရုတစိုက် စာရေးပါတယ်။
Does they always speak English?
သူတို့ အမြဲပဲ အင်္ဂလိပ်လို ပြောကြသလား။
Yes, they always speak English.
သူတို့ အမြဲပဲ အင်္ဂလိပ်လို ပြောကြပါတယ်။
Do they always wait for her?
သူမကို အမြဲပဲ သူတို့စောင့်ကြသလား။
They always wait for her.
အမြဲပဲ သူမကို စောင့်ကြပါတယ်။
Is she always patient with him?
သူမ အမြဲပဲ သည်းခံစိတ်ရှည်ပါသလား။
Yes, she is.
ဟုတ်ကဲ့၊ သူမ စိတ်ရှည်ပါတယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| Daily | (a) | နေ့စဉ်နေ့တိုင်းဖြစ်ပျက်နေသော (every day) |
| Activities | (n) | သွားလာလှုပ်ရှားမှုများ (movement) |
| Get up | (v) | အိပ်ရာထသည် (stand up) |
| about | (prep) | လောက် |
| breakfast | (n) | နံနက်စာ (first meal of the day) |
| have breakfast | - | နံနက်စာစားသည် |
| afternoon | - | မွန်းလွဲပိုင်းအချိန် |
| usually | (adv) | ထုံးစံအရ |
| usual | (a) | ထုံးစံအရဖြစ်သော |
| study | (v) | လေ့လာသည် |
| museum | (n) | ပြတိုက် |
| statues | (n) | ရုပ်တုများ |
| paintings | (n) | ပန်းချီကားများ |
| listen | (v) | နားထောင်သည် |
| listener | (n) | နားထောင်သူ၊ သောတရှင် |
| Radio | (n) | ရေဒီယို |
| certainly | (adv) | သေချာစွာ (surely) |
| certainly | (n) | သေချာခြင်း၊ သံသယကင်းရှင်းခြင်း |
| in fact, really | - | အမှန်တကယ် |
| practically | (adv) | လက်တွေ့အရ |
| favourite | (a) | အထူးနှစ်သက်သော |
| favourite | (n) | အထူးအခွင့်အရေးပေးခံရသူ |
| program | (n) | အစီအစဉ် (list of times) |
| theatre | (n) | ပြဇာတ် |
| watch | (v) | စောင့်ကြည့်သည် (look at) |
| television | (n) | ရုပ်မြင်သံကြား |
| several | (a) | အချို့သော (a few) |
| serious | (a) | တည်ကြည်သော (grave, not joking) |
| care | (v) | ဂရုစိုက်သည် (feel interest, concern) |
| carefully | (adv) | ဂရုတစိုက် (exactly) |
| speak | (v) | ပြောသည် |
| speaker | (n) | ပြောဆိုသူ |

| | | |
|---|---|---|
| waiter | (n) | စောင့်ဆိုင်းသူ၊ စားပွဲထိုး |
| wait | (v) | စောင့်သည်။ (remain, await) |
| patient | (a) | သည်းခံသော၊ စိတ်ရှည်သော (enduring) |
| patient | (n) | လူနာ (sick person) |

## ASKING ABOUT ACTIVITIES
## ဟိုအကြောင်း သည်အကြောင်း

When did you eat lunch today?
နေ့လယ်စာ ဘယ်အချိန်စားသလဲ။
I ate from twelve to one.
ဆယ့်နှစ်နာရီနှင့် တစ်နာရီအတွင်းမှာ စားပါတယ်။
Where did you have your lunch?
နေ့လည်စာ ဘယ်မှာစားပါသလဲ။
I had it at home.
အိမ်မှာ စားပါတယ်။
Did you work at home last night?
လွန်ခဲ့တဲ့ညက ခင်ဗျား အိမ်မှာ အလုပ်လုပ်သေးသလား။
Yes, I washed the dishes and cleaned the house.
ဟုတ်ကဲ့၊ ပန်းကန်ဆေးပြီး အိမ်သန့်ရှင်းရေးလုပ်ပါတယ်။
Did you gave a good time last night?
ကျန်ခဲ့တဲ့ညက ခင်ဗျား တော်တော်ပျော်ခဲ့ရဲ့လား။
Yes, I had a wonderful time.
ဟုတ်ကဲ့၊ တော်တော်ပျော်စရာကောင်းတဲ့ညပါ။
You'll probaly have fun tomorrow too.
မနက်ဖြန်လဲ ခင်ဗျား တော်တော်ပျော်စရာကောင်းမှာပါ။
I'm sure I'll have an excellent time.
ဟုတ်ကဲ့၊ သိပ်ပျော်စရာကောင်းတယ်လို့ ကျွန်တော်ထင်ပါတယ်။

Did you have a good time at the party?
ပါတီမှာ တော်တော် ပျော်ခဲ့ရဲ့လား။
We had a wonderful time.
တော်တော်ပျော်ခဲ့ကြပါတယ်။
It was really a lot of fun.
ပျော်စရာ ရွှင်စရာတွေ အများကြီးပါ။
We ought to have another party like that soon.
သည်လိုပါတီပွဲမျိုး မကြာမီထပ်ပြီးကျင်းပဖို့ ကောင်းပါတယ်။
Where do you go?
ခင်ဗျား ဘယ်သွားနေလဲ။
I went to the pictures.
ရုပ်ရှင်သွားကြည့်တယ်။
Well, how did you like the film?
ဘယ့်နဲ့ . . . ရုပ်ရှင်ကား သဘောကျရဲ့လား။
I'm sorry. I didn't like it too much.
သိပ်မကြိုက်ပါဘူး။
Why is that?
ဘာကြောင့်လဲ။
To tell you the truth I don't like such films.
မှန်တာပြောရရင် ဒီကားမျိုးတွေ မကြိုက်ပါဘူး။
So, what kind of film would you like?
ကိုင်း . . . ဒါဖြင့် ဘယ်လိုရုပ်ရှင်ကားမျိုး သဘောကျသလဲ။
I prefer films that can educate us.
ပညာပေးတဲ့ ရုပ်ရှင်ကားမျိုးကြိုက်တယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| ask | (v) | မေးသည် (ask questions) |
| asking about | - | ဟိုအကြောင်း သည်အကြောင်း မေးသည် |
| activities | (n) | သွားလာလှုပ်ရှားမှုများ (movements) |
| at home | - | အိမ်မှာ |
| Dish | (n) | ဟင်းစားပန်းကန် |
| clean | (v) | သန့်ရှင်းစေသည် (make clean) |
| cleaner | (n) | သန့်ရှင်းအောင်ပြုလုပ်သူ |

| | | |
|---|---|---|
| wonderful | (a) | ပျော်စရာကောင်းသော (amazing) |
| wonderful time | - | ပျော်စရာကောင်းသောအချိန် |
| probably | (adv) | ယုတ္တိရှိလျက် (likely) |
| fun | (n) | ပျော်ရွှင်ခြင်း (amusement) |
| At a party | - | ပါတီပွဲမှာ |
| excellent | (a) | ကောင်းမြတ်သော (better than others) |
| a lot of fun | - | ကောင်းမြတ်ခြင်း |
| a lot of fun | - | ပျော်စရာ ရွှင်စရာများ |
| Really | (adv) | တကယ် (actually, truely, in fact) |
| picture | (n) | ရုပ်ရှင် (cinema, film) |
| film | (n) | ရုပ်ရှင် |
| Like it too much | - | အလွန်ပဲ သဘောကျတယ် |
| Truth | (n) | မှန်ကန်ခြင်း |
| Truthful | (a) | မှန်ကန်သော |
| prefer | (v) | နှစ်သက်သည် |
| educate | (v) | ပညာပေးသည် |
| education | (n) | ပညာအရည်အချင်း |
| educator | (n) | ပညာသင်ပေးသူ (person who educates) |

# TALKING ABOUT ACTIVITIES
## ဟိုအကြောင်း သည်အကြောင်း

Where have you been?
မင်း ဘယ်သွားနေသလဲ။
I've been to the movies (pictures).
ရုပ်ရှင်ကိုလေ။
What did you see?
ဘာတွေများ ကြည့်ခဲ့ရသလဲ။
I saw an Italian movies.
အီတာလီယံကားပါ။
What places have you seen so far?
ခု ဘယ်နေရာတွေများ ရောက်ပြီးပြီလဲ။
I've been to almost all the pagodas.
ဘုရားအားလုံးလိုလိုတော့ ရောက်ပြီးပါပြီ။
Have you gone to any museums yet?
ပြတိုက်တွေကိုရော ရောက်ပြီးပါပြီလား။
No. I haven't. I haven't had enough time for that.
မရောက်သေးပါဘူး၊ သွားဖို့ အချိန်ကို မရပါဘူး။
By the way, have you anything to do tomorrow?
ဒါနဲ့ စကားမစပ်၊ ခင်ဗျား နက်ဖန် ဘာလုပ်စရာရှိသေးလဲ။
Oh, I'm free.
အို . . . ကျွန်တော်အားပါတယ်။
Good, Could you come to dinner at my place tomorrow evening.
ကောင်းပြီ၊ ဒါဖြင့် နက်ဖန်ညနေစာ ကျွန်တော့်အိမ်မှာ လာစားနိုင်ပါ့မလား။
Dinner? What's it for.
ညစာ ဟုတ်လား၊ ဘာအတွက်ကျွေးတာလဲ။
Oh, it's my birhtday tomorrow.
နက်ဖန် ကျွန်တော့်မွေးနေ့လေ။
I have asked only a few of our old friends to dinner.
ကျွန်တော့်မွေးနေ့ညစာမှာ သူငယ်ချင်းနည်းနည်းပဲ ဖိတ်တယ်။

Good, I'll be there
ကောင်းပြီ၊ ကျွန်တော်လာခဲ့မယ်။
Do come. No presents.
ဆက်ဆက်လာခဲ့ပါ၊ လက်ဆောင်တော့ သည်းခံပါ။

**Glossary** (အဓိပ္ပါယ်)

| | | |
|---|---|---|
| Talk | (v) | စကားပြောသည် (say, speak, discuss) |
| Talkative | (a) | စကားများသော (inclined to talk much) |
| movies | (n) | ရုပ်ရှင် (films) |
| places | (n) | နေရာများ (areas) |
| almost | (adv) | လုနီးနီး (nearly) |
| museums | (n) | ပြတိုက် (illustration of art) |
| By the way | - | စကားမစပ် |
| by the by | - | စကားမစပ် |
| presents | (n) | လက်ဆောင် (gifts) |

## WHERE DID YOU GO ဘယ်သွားခဲ့သေးလဲ

Where did you go after lunch?
ခင်ဗျား နေ့လယ်စာစားပြီး ဘယ်သွားသေးသလဲ။
I went to the library.
စာကြည့်တိုက်ကို သွားပါတယ်။
Which one did you go to?
ဘယ်စာကြည့်တိုက်ကို သွားသလဲ။
I wnet to the National Library.
အမျိုးသား စာကြည့်တိုက်ကိုပါ။
What did you do last night?
ခင်ဗျား လွန်ခဲ့တဲ့ညက ဘာလုပ်သလဲ။
I watched television.
ရုပ်မြင်သံကြား ကြည့်တယ်။

Where did you watch it?
ဘယ်မှာ ကြည့်သလဲ။
I watched it here in my room.
သည်အခန်းထဲမှာပဲ ကြည့်ပါတယ်။
Was that television program interesting.
ရုပ်မြင်သံကြားအစီအစဉ် စိတ်ဝင်စားစရာ ကောင်းရဲ့လား။
I thought it was very interesting.
ကျွန်တော်ကတော့ တော်တော် စိတ်ဝင်စားစရာကောင်းတယ်လို့ထင်တာပဲ။
What did your friends think of it?
ခင်ဗျားမိတ်ဆွေများကကော ဘယ်လိုလဲ။
They were interested too.
သူတို့လဲ စိတ်ဝင်စားကြပါတယ်။
Where did you go last night?
လွန်ခဲ့တဲ့ညက ခင်ဗျား ဘယ်သွားသေးသလဲ။
I went to a lecture last night.
လွန်ခဲ့တဲ့ညက ဟောပြောပွဲ သွားတယ်။
What was it about?
ဘာအကြောင်းများ ဟောပြောသလဲ။
Society and Modern Art.
ခေတ်ဆန်သူ လူစုနဲ့ ခေတ်အနုပညာအကြောင်းပါ။
I wish I'd gone with you.
ကျွန်တော်လဲ ခင်ဗျားနဲ့လိုက်ပြီး နားထောင်ချင်လိုက်တာ။

**Glossary** (အဓိပ္ပါယ်)

| | | |
|---|---|---|
| Do | (v) | ပြုမူသည် (perform, act, serve) |
| After | (adv) | ပြီးနောက် (behind) |
| Library | (n) | စာကြည့်တိုက် |
| National | (a) | ပြည်သူပိုင်ဖြစ်သော (public) |
| Last night | - | တစ်နေ့ည |
| Society | (n) | အပေါင်းအသင်း (companionship) |
| Mondern art | - | ခေတ်အနုပညာ |
| Wish | (v) | အလိုရှိသည် (want, desire) |
| Wish | (n) | ဆန္ဒ (request, desire) |
| After tomorrow | - | သဘက်ခ |

# DO YOU SPEAK ENGLISH
## အင်္ဂလိပ်စကား ပြောတတ်သလား

Do you speak English?

အင်္ဂလိပ်စကာ ပြောတတ်သလား။

Only a little and not very well.

နည်းနည်းပါးပါးပဲ သိပ်မတတ်ပါဘူး။

Do you know many words?

စကားလုံး တော်တော်များများ သိသလား။

No. I don't. Only the important words.

မသိပါဘူး၊ အရေးပါတဲ့ စကားလုံးများလောက် သိပါတယ်။

Do you brothers speak English?

ခင်ဗျားအစ်ကိုတွေ အင်္ဂလိပ်စကား ပြောတတ်သလား။

Yes, they do. They speak it very well.

ဟုတ်ကဲ့၊ သူတို့ အင်္ဂလိပ်စကား ကောင်းကောင်းပြောတတ်ကြပါတယ်။

Do your sisters speak English?

ခင်ဗျားအစ်မတွေကော အင်္ဂလိပ်စကားပြောတတ်သလား။

Well, they speak a little English.

ဟုတ်ကဲ့၊ သူတို့ နည်းနည်းပါးပါးပြောတတ်ပါတယ်။

Do you think English is easy?

အင်္ဂလိပ်စကား လွယ်တယ်လို့ထင်သလား။

No. I don't.

မပြောတတ်ပါဘူး။

Why don't you think so?

ဘာကြောင့် မပြောတတ်သလဲ။

Because I don't understand it.

ကျွန်တော်နားမလည်လို့ပါ။

Do you speak English fulenty?

အင်္ဂလိပ်စကား သွက်သွက်လက်လက် ပြောတတ်သလား။

Do you speak English rapidly?

အင်္ဂလိပ်စကား မြန်မြန်ပြောနိုင်သလား။

Do you speak English very well?

အင်္ဂလိပ်စကား ကောင်းကောင်းပြောနိုင်သလား။

Do you speak English correctly?

အင်္ဂလိပ်စကား မှန်မှန်ကန်ကန် ပြောနိုင်သလား။

Do you think English is easy?

အင်္ဂလိပ်စကား လွယ်တယ်လို့ထင်သလား။

Do you think English is simple?

အင်္ဂလိပ်စကား လွယ်တယ် ရှင်းတယ်လို့ ထင်သလား။

Do you think English is hard?

အင်္ဂလိပ်စကား ခက်တယ်လို့ ထင်သလား။

Do you think English is difficult?

အင်္ဂလိပ်စကား ခက်ခဲတယ်လို့ ထင်သလား။

Do you think English complicated?

အင်္ဂလိပ်စကား ရှုပ်ထွေးတယ်လို့ ထင်သလား။

No,I don't. Because I don't understand it.

မပြောတတ်ပါဘူး၊ ကျွန်တော်မှ နားမလည်ပဲ။

Do you speak English?

အင်္ဂလိပ်စကား ပြောတတ်သလား။

Do you speak Janpanese?

ဂျပန်စကား ပြောတတ်သလား။

Do you speak Chinese?

တရုတ်စကား ပြောတတ်သလား။

Do you speak German?

ဂျာမန်စကား ပြောတတ်သလား။

Do you speak Greek?

ဂရိ(စ်)စကား ပြောတတ်သလား။

Do you speak Spanish?

စပိန်ဘာသာစကား ပြောတတ်သလား။

Do you speak Italian?

အီတာလီယံဘာသာစကား ပြောတတ်သလား။

Do you speak Turkish?

တူရကီဘာသာစကား ပြောတတ်သလား။

Do you speak Arabic?

အာရေဗျဘာသာစကား ပြောတတ်သလား။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| speak | (v) | ပြောသည် (talk, give a speech) |
| a little, a small | - | နည်းနည်းပါးပါး |
| very well, very best | - | အလွန်ကောင်းမွန်စွာ |
| words | (n) | စကားလုံးများ (written words) |
| important | (a) | အရေးကြီးသော (having great value effect) |
| understand | (v) | နားလည်သည် (know) |
| understanding | (n) | နားလည်မှု၊ အသိဉာဏ် (intelligence) |
| Fluently | (adv) | သွက်သွက်လက်လက် (swiftly) |
| rapidly | (adv) | လျင်မြန်စွာ (quickly) |
| correctly | (adv) | မှန်မှန်ကန်ကန် (truely) |
| easy | (a) | လွယ်ကူသော (not diffcult, relaxed) |
| simple | (a) | လွယ်ကူသော၊ ရှင်းသော (not diffcult, relaxed) |
| hard | (a) | ခက်သော (not easy cut) |
| difficult | (a) | ခက်ခဲသော (not easy) |
| complicate | (v) | ရှုပ်ထွေသည် (make difficult) |
| complicated | (a) | ရှုပ်ထွေးသော (intricated) |

## GOING SHOPPING ဈေးဝယ်ထွက်ခြင်း

What store did you go to yesterday?
မင်း မနေ့က ဘယ်ဆိုင်ကို သွားခဲ့သလဲ။
I went to the people's department stores.
ပြည်သူ့ကုန်တိုက်ကိုပါ။
Do they have a good variety of things to choose from?
ရွေးဖို့ ပစ္စည်းအမျိုးစုံရဲ့လား။
They have lots to choose from, but it's all very expensive.
ရွေးစရာကတော့ များပါတယ်၊ ဒါပေမယ့် ဈေးကြီးတယ်။
I have to go shopping.
ကျွန်မ ဈေးသွားရဦးမယ်။
Do you know what you're going to buy?
ဘာ ဝယ်မလို့လဲ။
Not yet, but I hope to after shopping.
မပြောတတ်သေးပါဘူး၊ ဝယ်ပြီးမှ သိမှာပဲ။
What time do the store close?
စတိုးဆိုင်တွေ ဘယ်အချိန်ပိတ်သလဲ။
Most of them close at five o'clock.
ဆိုင်အတော်များများကတော့ ငါးနာရီမှာ ပိတ်ပါတယ်။
Do we still have time to go shopping?
ဈေးဝယ်ဖို့ အချိန်မီပါသလား။
Yes. It's only three fifteen now.
မီပါတယ်၊ အခုမှ သုံးနာရီဆယ့်ငါးမိနစ် ရှိသေးတယ်။
It seems I always have to buy a lot of things.
ကျွန်မမှာ ဝယ်လို့ချမ်းလို့ မပြီးနိုင်တော့ပါဘူးရှင်။
It always seems that way to me too.
ကျွန်မမှာလဲ အမြဲတမ်း ဒီလိုပါပဲ။

**Glossary** (အဓိပ္ပါယ်)

Shopping (n) ဈေးဝယ်ခြင်း (the things you buy)
Shop (n) ဈေးဆိုင် (place where goods are sold)
Store (n) ကုန်စုံဆိုင် (place where goods are stored)
The people' department store - ပြည်သူ့ကုန်တိုက်
Department (n) ဌာန၊ ဌာနခွဲ (branch, subdivision)
variety (n) အမျိုးမျိုး (kinds)
close (v) ပိတ်သည် (shut)
lots, a great deals - အတော်များများ
choose (v) ရွေးချယ်သည် (pick out)
expensive (a) အဖိုးကြီးသော (high priced)
seems (v) ထင်ရသည်၊ ပုံပန်းပေါ်သည် (appears)
way (n) နည်းလမ်း၊ နည်း (method, style)
always (adv) အစဉ်အမြဲ (all the time)

## ASKING ABOUT PRICES
## အဖိုးစားနား မေးမြန်းခြင်း

How much does this pen cost?
သည်ဖောင်တိန် အဖိုးဘယ်လောက်ပါလဲ။
It costs thirty kyats.
သုံးဆယ်ပါ။
How much is this pen?
သည်ဖောင်တိန် ဘယ်လောက်ပါလဲ။
It's twenty-five kyats.
နှစ်ဆယ့်ငါးကျပ်ပါ။
How much is this book?
သည်စာအုပ် ဘယ်လောက်ပါလဲ။
It's two twenty-five.
နှစ်ကျပ်၊ နှစ်ဆယ့်ငါးပြားပါ။

How much does that noebook.

သည်မှတ်စုစာအုပ် ဘယ်လောက်ပါလဲ။

It costs ten kyats.

တစ်ဆယ်ကျပ်ပါ။

How much is this notebook?

သည်မှတ်စုစာအုပ် ဘယ်လောက်ပါလဲ။

It's ten twenty-five.

တစ်ဆယ်ကျပ်၊ နှစ်ဆယ့်ငါးပြားပါ။

How much does this briefcase cost?

သည်လက်ဆွဲအိတ်ကြီး ဘယ်လောက်ပါလဲ။

It cost fifty kyats.

ငါးဆယ်ကျပ်ပါ။

That's fine. I'll take it.

ကောင်းပါပြီ၊ လက်ဆွဲအိတ်ယူမယ်။

Will there be anything else?

သည့်အပြင် ဘာများအလိုရှိပါသေးသလဲ။

I don't belive so thank you.

မရှိတော့ပါဘူး၊ ကျေးဇူးတင်ပါတယ်။

We're having a sale on home-furniture today.

သည်နေ့ ကျွန်တော်တို့ အိမ်ထောင်ပရိဘောဂပစ္စည်းတွေ ရောင်းမယ်။

Are household supplies on sale too.

အိမ်သုံးပစ္စည်းတွေကော ရောင်းမှာလား။

Yes, Prices have been reduced from 20 to 40 percent.

ဟုတ်ပါတယ်၊ ဈေးနှုန်းကို နှစ်ဆယ်ရာခိုင်နှုန်းကနေ လေးဆယ်ရာခိုင်နှုန်း အထိ လျှော့ချထားပါတယ်။

How much are these things all together?

သည်ဟာ အားလုံး ဘယ်လောက်ကျပါသလဲ။

Let's see. That'll be sixty-on and fifty pyas.

ကြည့်ပါရစေ၊ ခြောက်ဆယ့်တစ်ကျပ်ခွဲ ကျပါတယ်။

Here it is.

ရော့ပါ . . . ခင်ဗျာ။

**Glossary** (အဓိပ္ပါယ်)

| | | |
|---|---|---|
| ask | (v) | မေးမြန်းသည် (interrogate) |
| asking | (n) | မေးမြန်းခြင်း (interrogating) |
| price | (n) | အဖိုးငွေ၊ တန်ဖိုး (cost, value) |
| cost | (v) | ပေးရသည်၊ ကုန်ကျသည် |
| cost | (n) | အဖိုးအခ |
| notebook | (n) | မှတ်စုစာအုပ် (a small book) |
| briefcase | (n) | လက်ဆွဲအိတ်ကြီး (bag) |
| else | (adv) | အခြား၊ သည့်အပြင် (other) |
| sale | (n) | ရောင်းချခြင်း (exchange of goods for money) |
| salegirl | (n) | အရောင်းစာရေးမ (person selling goods in a shop) |
| saleman | (n) | အရောင်းစာရေး |
| home furniture | (n) | အိမ်ထောင်ပရိဘောဂ |
| household supplies | - | အိမ်သုံးပစ္စည်းများ |
| Reduce | (v) | လျှော့နည်းစေသည် (decrease) |
| Reducing | (n) | လျှော့ခြင်း (decreasing) |
| percent | - | ရာခိုင်နှုန်း (in each hundred) |
| percentage | (n) | ရာခိုင်နှုန်း (the rate per hundred) |

# LENDING AND BORROWING MONEY
## ငွေရေး ကြေးရေး

Could you lend me twenty kyats until tomorrow?

ငွေနှစ်ဆယ်ကျပ်လောက်ချေးပါ၊ မနက်ဖန် ပြန်ပေးပါ့မယ်။

What do you need it for?

ဘာအတွက် လိုနေတာလဲ။

I need it for book and supplies.

စာအုပ်နှင့် စာရေးကိရိယာဖိုးပါ။

O,K. I'll lend it to you.

ကောင်းပါပြီ၊ ကျွန်တော်ချေးလိုက်မယ်။

Could I borrow some money from you for a few days?

ငွေနည်းနည်းလောက်ချေးပါ၊ သုံး လေးရက်လောက်တော့ကြာမယ်။

How much do you need?

ဘယ်လောက်လိုသလဲ။

About sixty or seventy kyats.

ခြောက်ဆယ်၊ ခုနစ်ဆယ်လောက်ပါ။

Yes, but I'll need the money myself before next week.

ကောင်းပြီ၊ နောက်အပတ်မတိုင်မီ ငွေလိုတယ်နော်။

What did you need money for yesterday?

ခင်ဗျား မနေ့က ဘာအတွက် ငွေလိုတာလဲ။

I wanted it for medicine.

ဆေးဝယ်ချင်လို့ပါ။

Did you get the money?

လိုတဲ့ငွေ ရရဲ့လား။

Yes, I borrow it from my uncle.

ဟုတ်ကဲ့ ရပါတယ် ဦးလေးဆီက ချေးလို့ရတယ်။

How much change have you got?

မင်းမှာ အကြွေဘယ်လောက်ပါသလဲ။

Two 10 pyas, 3.25 pyas, 5.50 pyas, and 3 kyat notes.

ဆယ်ပြားစေ့ နှစ်စေ့၊ နှစ်ဆယ့်ငါးပြားစေ့ သုံးစေ့၊ ငါးမူးစေ့ ငါးစေ့၊ ကျပ်တန် သုံးရွက်ပဲ ရှိတယ်။

That's not enough to change this ten kyats note.

သည်လိုဆို ဆယ်တန်အမ်းလို့ မရသေးဘူး။

I'll lend you all of this change if you want it.

မင်းကို သည်ဟာ အားလုံးချေးလိုက်မယ်။

Thank you.

ကျေးဇူးပဲ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| lend | (v) | ချေးငှားသည်၊ မိမိက သူတစ်ပါးကို ချေးသည် (make a loan) |
| lender | (n) | ငွေချေးစားသူ (one who lends money) |
| borrow | (v) | ချေးယူသည်၊ (မိမိက ချေးယူသည်) (obtain a loan) |
| until | (prep) | အထိ၊ တိုင်အောင် (up to the time of) |
| need | (v) | လိုအပ်သည် (want) |
| book and supplies | - | စာအုပ်နှင့် စာရေးကိရိယာများ |
| for a few days | - | သုံး၊ လေးရက် |
| before next week | - | နောက်အပတ်အတိုင်မီ |
| medicine | (n) | ဆေး၊ ဆေးဝါး (substance, drug) |
| change | (n) | ပြန်အမ်းငွေ (ငွေအကြွေ) (coins) |
| change | (v) | ပြောင်းလဲသည်၊ အစားထိုးသည် (exchange) |
| Ten kyats notes | - | တစ်ဆယ်ကျပ်တန် |

# GETTING HELP IN STORES ဆိုင်တွင်းအကူအညီ

Do you want some help? (or) Do you wish some assistance.
အကူအညီ လိုပါသလား။ (ဘာပစ္စည်း အလိုရှိပါသလဲ)
Yes. How much is that book?
ဟုတ်ကဲ့၊ အဲဟိုစာအုပ် ဘယ်လောက်ပါလဲ။
This one or that one?
ဒီဟာလား၊ ဟိုဟာလား။
The one next to the red one.
အနီဘေးက ကပ်လျက်ဟာပါ။
Do you want some assistance? (or) Would you like some help.
အကူအညီ လိုပါသလား။ (ဘာ အလိုရှိပါသလဲ)
Yes. How much is that pen?
ဟုတ်ကဲ့၊ အဲဟိုဖောင်တိန် ဘယ်လောက်ပါလဲ။
This one or that one.
သည်ဟာလား၊ ဟိုဟာလား။
The one beside the yellow one.
အဝါဘေးကဟာ ပေးပါ။
May I help you?
ဘာအလိုရှိပါသလဲ။ (ဘာကူညီရမလဲ)
Yes. I 'd like to look at pens.
ဟုတ်ကဲ့ခင်ဗျာ၊ ဖောင်တိန်တွေ ကြည့်ချင်လို့ပါ။
Certainly. Fountain pens or ball pens?
ကြည့်လို့ရပါတယ်၊ ဖောင်တိန်လား, ဘောလ်ပင်လားခင်ဗျာ။
I'm looking for a good fountain pen.
ဖောင်တိန်ကောင်းကောင်း လိုချင်လို့ပါ။
Could you help me please.
ကူညီနိုင်ပါသလား ခင်ဗျာ။
What can I do for you?
ဘာများ ကူညီရမှာလဲ။
Could I look at the small camera in this case?
မှန်ဘီဒိုထဲက ကင်မရာငယ်ကို ကြည့်နိုင်ပါသလား။

Just one moment, Please, while I get the key.

ခဏစောင့်ပါ၊ သော့ယူလိုက်ပါဦးမယ်။

Could you help me, please? (or) Would you assist me, please?

ကျွန်တော့်ကို ကူညီနိုင်ပါသလား ခင်ဗျာ။

What can I do for you?

ဘာများ ကူညီရမှာလဲ။

Could I look at the wrist watch?

လက်ပတ်နာရီကို ကြည့်လို့ရမလား။

This one or that one

သည်ဟာလား၊ ဟိုဟာလား။

The one in front of the black one.

အနက် အရှေ့ဘက်ကဟာပါ။

Are you wanted on?

လိုတာ ရပါပြီလား။

No. I'd like a box of stationery, please.

မရသေးပါဘူး၊ စာရေးကိရိယာ တစ်ဗူး လိုသေးတယ်။

Will there be anything else?

အခြား ဘာများ လိုပါသေးသလဲ။

No. I believe that's all, thank you.

မရှိပါဘူး၊ ဒါပါပဲ၊ ခုလိုမေးလို့ ကျေးဇူးတင်ပါတယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| store | (n) | ကုန်စုံဆိုင် |
| help | (n) | အကူအညီ |
| help | (v) | ကူညီသည် |
| helper | (n) | ကူညီသူများ (domestic servants) |
| wish | (v) | အလိုရှိသည် (want) |
| assistance | (n) | အကူအညီ (help) |
| assist | (v) | ကူညီသည် (help. aid) |
| next to. near to | - | ကပ်လျက်၊ အနီး |
| beside | (prep) | နံဘေး (near. at the side of) |
| black | (a) | အနက်ရောင်ဖြစ်သော |
| fountain pen | - | ဖောင်တိန် |
| yellow | (a) | အဝါရောင်ဖြစ်သော |

| | | |
|---|---|---|
| red | (a) | အနီရောင်ဖြစ်သော |
| ball-point pen | - | ဘောလ်ပင် |
| look at. try to see | - | ကြည့်သည် |
| camera | (n) | ကင်မရာ |
| this case | - | မှန်ဘီဒို |
| in a moment, shortly | - | တဒင်္ဂ၊ တစ်ခဏ (soon, quickly) |
| key | (n) | သော့ |
| key hole | - | သော့ပေါက် |
| wrist | (n) | လက်ကောက်ဝတ် |
| the wrist watch | - | လက်ပတ်နာရီ |
| front | (n) | ရှေ့ပိုင်း၊ ရှေ့တန်း |
| in front of | - | အရှေ့ဘက် |
| stationery | (n) | စာရေးကိရိယာ |
| a box of stationery | - | စာရေးကိရိယာတစ်ဗူး |
| Anything | (n) | မည်သည့်အရာမဆို |
| Anyway | (adv) | မည်သည့်နည်းနှင့်မဆို |
| believe | (v) | ဟုတ်မှတ်သည်ဟု လက်ခံသည် (accept as true) |

## SOMETHING LOST တစ်ခုခု ပျောက်ဆုံးခြင်း

Have you seen my book anywhere?

စာအုပ် ဘယ်မှာတွေ့မိပါသလဲ။

I've lost my book.

စာအုပ် ပျောက်သွားပြီ။

I can't find my key.

ကျွန်တော့် သော့ရှာမတွေ့ဘူး။

Where can I have put it?

ဘယ်မှာ ထားမိနိုင်သလဲ။

I have looked for it everywhere.

နေရာအနှံ့လဲ ရှာပြီးပြီ။

I can't find it anywhere.
ဘယ်နေရာမှ ရှာလို့မတွေ့ဘူး။
Now where on earth can it be?
ခုတော့ ဘယ်နေရာရောက်နေလဲ မသိဘူး။
It is so annoying to mislay things.
ပစ္စည်းအထားမှားတာ စိတ်ပျက်စရာပဲ။
It's most strange really?
တစ်ကယ် ဆန်းပါတယ်။
It can't be lost.
ပျောက်တော့ မပျောက်နိုင်ပါဘူး။
I only saw it here this evening.
ညနေကပဲ ဒီနေရာမှာ တွေ့သေးတယ်။
I had it half an hour ago.
နာရီဝက်လောက်ကပဲ ကျွန်တော့်ဆီမှာ ရှိသေးတယ်။
Somebody has taken it. I expect.
ကျွန်တော့်အထင်တော့ တစ်ယောက်ယောက်ကများ ယူသွားသလားမသိဘူး။
Have you liked in the other room?
တစ်ခြားအခန်းမှာ ကြည့်ပြီးပြီလား။
Perhaps you left it in your overcoat pocket.
မင်းရဲ့ ကုတ်အင်္ကျီထဲမှာများ ထည့်မိသလား။
Where did you have it last?
မင်း ဘယ်နေရာမှာ နောက်ဆုံးရှိခဲ့သလဲ။
Do you think you lost it while you were out.
မင်း အပြင်သွားတုန်း ပျောက်တယ်လို့ထင်သလား။
Here it is. I've got it?
သည်မှာ . . . သည်မှာ . . . ၊ ကျွန်တော်ပြန်ရပြီ။
Why, bless my sould. It must have been here all the time.
စိတ်ကို ပျော်သွားတာပဲ၊ တစ်ချိန်လုံး ဒီနေရာမှာရှိနေတာဖြစ်ရမယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| Something | (n) | တစ်စုံတစ်ခု |
| Lost | (v) | ပျောက်ဆုံးသည် |
| Lost | (a) | ပျောက်ဆုံးသော |
| Anywhere | (adv) | ဘယ်နေရာမှာ (in any place) |
| Find | (v) | တွေ့မြင်သည် (discover) |
| Finding | (n) | ရှာဖွေတွေ့ရှိခြင်း (discovering) |
| put | (v) | ထားသည် (place, lay) |
| Look for | (v) | ရှာဖွေသည် (seek) |
| everywhere | (adv) | နေရာတိုင်း (in all place) |
| annoy, bother | (v) | အနှောင့်အယှက်ဖြစ်စေသည် |
| mislay | (v) | အထားမှားသည် (place incorrectly) |
| expect, hope | (v) | မျှော်လင့်သည်၊ ထင်မှတ်သည် |
| expectation | (n) | မျှော်လင့်ခြင်း |
| bless my sould | - | စိတ်ကို ပျော်သွားတာပဲ |

## ASKING FOR SOMETHING
## တစ်ခုခု တောင်းခြင်း

Give me that, please.

ကျေးဇူးပြုပြီး ထိုဟာ ကျွန်တော့်ကိုပေးပါ။

Give that to me, please.

ကျေးဇူးပြုလို့ အဲဒါ ကျွန်တော့်ကို ပေးပါ။

Give it to me, please.

ကျေးဇူးပြုပြီး ဒီဟာ ကျွန်တော့်ကို ပေးပါ။

Can you spare me one?

မင်း ငါ့ကို တစ်ခုပေးနိုင်မလား။

May I ask for one?

တစ်ခုလောက် တောင်းပါရစေ။

## SUBSTITUTION (I) အစားသွင်းခြင်း(၁)

ဥပမာ-
Where's the post office?
စာတိုက် ဘယ်နားမှာပါလဲ။
Where's thd school?
စာသင်ကျောင်း ဘယ်နားမှာပါလဲ။
Where's the airport?
လေယာဉ်ကွင်း ဘယ်နားမှာပါလဲ။
Where's the air office?
လေကြောင်းဌာနရုံး ဘယ်နားမှာပါလဲ။
Where's the train station?
မီးရထားဘူတာရုံ ဘယ်နားမှာပါလဲ။
Where's the nearest hospital?
အနီးဆုံးဆေးရုံ ဘယ်နားမှာပါလဲ၊ စသည်ဖြင့် သုံးပါ။
It's about half miles from here.
သည်နေရာနဲ့ မိုင်ဝက်လောက်ပဲ အကွာအဝေးရှိမယ်။
It's about 2miles from here.
သည်နေရာနဲ့ နှစ်မိုင်လောက်ပဲ ရှိမယ်။
It's a little over 3kilometers from here.
သည်နေရာနဲ့ သုံးကီလိုမီတာ ကျော်ကျော်လောက်ပဲ ရှိမယ်။

## SUBTITUTION (II)

What street is the post office on?
စာတိုက် ဘယ်နားမှာ ရှိပါသလဲ။
What street is the police station on?
ရဲဌာန ဘယ်နားမှာ ရှိပါသလဲ။
What street is the fire department on?
မီးသတ် ဘယ်လမ်းမှာ ရှိပါသလဲ။

What street is the nearest drug store on?

အနီးဆုံးဆိုင် ဘယ်လမ်းမှာ ရှိပါသလဲ။

How can I find that address?

အဲဒီ လိပ်စာကို ဘယ်လိုရှာရမလဲ။

How can I get that address?

အဲဒီလိပ်စာကို ဘယ်လိုရမလဲ။

How can I look up his address.

သူ့လိပ်စာ ဘယ်လိုရှာကြည့်ရမလဲ။

How can I find out where the post office?

စာတိုက် ဘယ်နားမှာ ရှိတယ်ဆိုတာ ဘယ်လိုရှာရမလဲ။

How can I find out where the school is?

ကျောင်းဘယ်မှာ ရှိတယ်ဆိုတာ ဘယ်လိုရှာရမလဲ။

How can I find out where the hospital is?

ဆေးရုံဘယ်မှာ ရှိတယ်ဆိုတာ ဘယ်လိုရှာရမလဲ။

## SUBSTITUTION (III)

Why don't you ask your friend?

သူငယ်ချင်းကို မေးပါလား။

Why don't you ask a policeman?

ရဲသားတစ်ယောက်ယောက်မေးပါလား။

Why don't you ask someone else?

အခြားလူ တစ်ယောက်ယောက်မေးပါလား။

Why don't you ask that man over there?

ဟို အနားကလူကို မေးပါလား။

Why don't you ask the conductor?

လက်မှတ်ရောင်းကို မေးပါလား။

Why don't you ask the bus-driver?

ယာဉ်မောင်းကို မေးပါလား။

# SUBSTITIUTION (IV)

Do you mean that store over there?
ခင်ဗျားပြောတာ ဟိုနားက ဆိုင်ကို ပြောတာလား။
Do you mean that hospital over there?
ခင်ဗျားပြောတာ ဟိုနားက ဆေးရုံကို ပြောတာလား။
Do you mean that school over there?
ခင်ဗျားပြောတာ ဟိုနားက ကျောင်းကို ပြောတာလား။
Do you mean that store on the corner?
ခင်ဗျားပြောတာ ဟိုထောင့်ကဆိုင်ကို ပြောတာလား။
Do you mean that school next to the train station?
ခင်ဗျားပြောတာ မီးရထားဘူတာရုံနဲ့ ကပ်နေတဲ့ ကျောင်းကိုလား။
Do you mean that store opposite the airlines office?
ခင်ဗျားပြောတာ လေယာဉ်ရုံးနဲ့ မျက်နှာချင်းဆိုင်က ဆိုင်ကိုလား။

## Glossary (အဓိပ္ပါယ်)

Store (n) ကုန်စုံဆိုင်
Over there - ဟိုအနားမှာ
mean (v) ဆိုလိုသည် (intend to say)
on the corner - ထောင့်က
next to the train station - မီးရထားဘူတာရုံနှင့်ကပ်လျက်
opposite the airlines office - လေယာဉ်ရုံးနှင့် မျက်နှာချင်းဆိုင်
Friend (n) သူငယ်ချင်း (companion)
Policeman (n) ရဲသား (a member of police force)
Someone else - အခြားလူ
That man over there - ဟိုနားကလူ
Conductor (n) လက်မှတ်ရောင်း (one who is conduction)
The bus-driver - ယာဉ်မောင်း

## DRIVING A CAR ကားမောင်းခြင်း

How do you like your new car?

ကားအသစ်ကို သဘောကျရဲ့လား။

Great I really like the automatic shift.

သိပ်ကြိုက်တာပေါ့၊ အလိုအလျောက်ကွေ့တာပါလို့လေ။

Does it have power steering?

လက်ကိုင်ကကော။

Yes, and it's got power brakes too.

လက်ကိုင်မှာလဲ ပါဝါဘရိတ် ပါ ပါတယ်။

Why don't we park the car there?

ဟိုအနားမှာ ကား ဘာဖြစ်လို့ မရပ်သလဲ။

That's a no parking zone.

အဲဒီနေရာမှာ ကားမရပ်ရဘူး။

There are parking meters in the next block.

နောက်အကွက်မှာ ကားရပ်တဲ့နေရာရှိတယ်။

Let's see if we can find a space there then.

အဲဒီမှာ ကားရပ်ဖို့နေရာရှိသေးလား၊ ကြည့်ရအောင်။

You'd better turn left at the next corner.

နောက်ထောင့်မှာ ဘယ်ဘက်ကို ကွေ့လိုက်ပါ။

I can't no left turn.

ဘယ် မကွေ့ရဘူးလေ။

Then we'll have to drive around the block.

ဒီလိုဆို တစ်ကွက်လုံးကို ပတ်မောင်းရမယ်။

It looks like it.

ဒီလိုပဲ လုပ်ရတော့မယ်။

You're driving too fast.

မင်းမောင်းတာ သိပ်မြန်တယ်။

What's the speed limit?

မိုင်နှုန်းဘယ်လောက် သတ်မှတ်ထားသလဲ။

It's thirty miles per hour.
တစ်နာရီ မိုင်သုံးဆယ်ပါ။
Then, I'm under the limit.
ဒီလိုမောင်းတာ သတ်မှတ်မိုင်နှုန်းပါ။
You drive very well.
မင်း ကားမောင်းကောင်းတယ်။
Thanks, I always try to be cautious.
ကျေးဇူးတင်ပါတယ်၊ ကားကို ကျွန်တော် အမြဲသတိနဲ့ မောင်းပါတယ်။
You are but best of all, you drive very smoothly.
ဟုတ်ပါတယ်၊ အကြိုက်ဆုံးကတော့ မင်းမောင်းတာ သိပ်ငြင်သာတယ်။
Steady pressure on the accelerator and brakes is important.
အရှိန်ကို မှန်မှန်မြှင့်တင်တာရယ်၊ ဘရိတ်ရယ်ဟာ အရေးကြီးဆုံးပါပဲ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| drive | (v) | မောင်းသည် (drove, driven, driving) |
| driving | (n) | မောင်းခြင်း |
| driver | (n) | ကားမောင်းသူ (person that drives) |
| new | (a) | အသစ်ဖြစ်သော (modern) |
| new car | - | ကားအသစ် |
| really | (adv) | တကယ် (actually, truely) |
| automatic | (a) | အလိုအလျောက်အလုပ်လုပ်သော |
| automation | (n) | အလိုအလျောက်စက်များဖြင့် ထိန်းချုပ်လုပ်ကိုင်ခြင်း |
| shift | (n) | ရွှေ့ပြောင်းခြင်း၊ ပြောင်းလဲခြင်း ( |
| steer | (v) | ပဲ့ကိုင်သည်၊ သတ်မှတ်ရာအတိုင်းသွားသည် (guide) |
| steering | (n) | လက်ကိုင် |
| brake | (n) | အရှိန်သတ်ကိရိယာ |
| power brake | - | ပါဝါဘရိတ် |
| power | (n) | အစွမ်း၊ အင်အား၊ စွမ်းအင် (ability, force) |
| park | (n) | ကားရပ်သည့်နေရာ |
| park | (v) | ကားရပ်သည် |
| space | (n) | နေရာလွတ် (places) |

| | | |
|---|---|---|
| next corner | - | နောက်ထောင့် |
| corner | (n) | ထောင့် |
| turn left | - | လက်ဝဲဘက်ကွေ့သည် |
| around the block | - | တစ်ကွက်လုံးကိုပတ်၍ |
| looks like | (v) | သည်အတိုင်းပဲ၊ သည်လိုပဲ၊ တူသည် |
| fast | (adv) | မြန်စွာ (quickly) |
| fast | (a) | မြန်သော (quick) |
| fast | (v) | အစားရှောင်သည် (abstain from food) |
| speed | (n) | လျှင်မြန်ခြင်း (quickness) |
| speed | (v) | အမြန်သွားသည် (move quickly) |
| limit | (n) | အကန့်အသတ် (an extreme point) |
| limit | (v) | ကန့်သတ်သည် (restrict) |
| limitation | (n) | ကန့်သတ်ချက် (limitting) |
| limited | (a) | ကန့်သတ်ထားသော (kept within limits) |
| per hour | - | တစ်နာရီ (an hour) |
| caution | (n) | သတိပေးခြင်း (warning) |
| caution | (v) | သတိပေးသည် (warn) |
| cautious | (a) | အလွန်သတိထားသော (careful) |
| smoothly | (adv) | ငြင်သာစွာ၊ ချောမွေ့စွာ (comfortably) |
| steady | (v) | မှန်မှန်ပြုလုပ်သည်၊ တည်ငြိမ်စေသည် (make) |
| pressure | (n) | ဖိတွန်းသည့်အရှိန် (act of pressing) |
| accelerator | (n) | ကားအနေး အမြန်မောင်းသည့်စက် (controlling speed) |
| accelerate | (v) | ပို၍မြန်အောင်လုပ်သည် (speed up) |
| acceleration | (n) | ပို၍မြန်အောင်လုပ်ခြင်း (making quicker) |

# MEETING တွေ့ဆုံခြင်း

Hello. How are you?
ဟဲလို . . . ကျန်းမာပါရဲ့လား။
Pretty well, thanks. And you?
ကျန်းမာပါတယ်၊ ကျေးဇူးတင်ပါတယ်၊ ခင်ဗျားကော။
I'm fine, thanks.
ကျွန်တော်လဲ ကျန်းမာပါတယ်၊ ကျေးဇူးတင်ပါတယ်။
It's good to see you again.
ခင်ဗျားနဲ့ ပြန်တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ။
Hello. How's everything?
အစစ, အရာရာ အဆင်ပြေရဲ့လား။
Fine thanks. How about you?
ပြေတယ်ဆိုပါတော့၊ ခင်ဗျားကော။
Just fine. What's news?
ဟုတ်ကဲ့ အဆင်ပြေပါတယ်၊ ဘာအကြောင်းထူးသေးလဲ။
Nothing much.
အကြောင်းထူး မရှိပါဘူး။
Where have you been lately?
ဘလောက ခင်ဗျား ဘယ်ပျောက်နေသလဲ။
I've been busy with extra work.
အလုပ်တွေ များနေလို့ပါ။
I'm pleased to meet you.
တွေ့ရတာ ဝမ်းသာတယ်ဗျာ။
The pleased is mine.
ဝမ်းသာရမှာက ကျွန်တော်ပါ။
I've heard U Sein speaks about you often.
ခင်ဗျားအကြောင်းကိုတော့ ဦးစိန်က မကြာခဏ ပြောပါတယ်။
Only good thing I hope.
ကောင်းတာတွေပဲ ဖြစ်ပါစေ။
Look who's he?
ဘယ်သူလဲလို့ ကြည့်စမ်း။

Are you surprised to see me?

ကျွန်တော့်ကိုတွေ့တာ အံ့သြသွားသလား။

Sure. I thought you were in Pyay (Prome).

ဒါပေါ့ ခင်ဗျား ပြည်မြို့ရောက်နေတယ် ထင်တာ။

I was, but I got back yesterday.

ဟုတ်တယ်လေ၊ မနေ့ကမှ ပြန်ရောက်တယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| meet | (v) | တွေ့သည် (encounter) |
| meeting | (n) | တွေ့ဆုံခြင်း၊ အစည်းအဝေး |
| everything | (prop) | အစစ အရာရာ |
| again | (adv) | တစ်ကြိမ်တဖန် (once more) |
| nothing | (n) | ဘာမျှမဟုတ်ခြင်း (not anything) |
| extra | (a) | အပိုဖြစ်သော (additional) |
| extra | (n) | သတင်းစာအချပ်ပို (supplement) |
| please | (v) | နှစ်သက်သည် (delight) |
| pleasure | (n) | ပျော်မွေ့ခြင်း၊ ဝမ်းသာခြင်း (happiness) |
| hear | (v) | ကြားသည် (listen to) |
| hear - heard - heard (hearing) | | |
| heard | (v) | ကြားခဲ့သည် |
| hearding | (n) | ကြားရခြင်း၊ အာရုံစိုက်ခြင်း (ability to hear) |
| hearsay | (n) | တစ်ဆင့်စကား၊ ကောလဟာလစကား (rumour) |
| hope | (v) | မျှော်လင့်သည် (expect) |
| surprise | (v) | အံ့အားသင့်သည် (astonish, amaze) |
| surprise | (n) | အလွန်အံ့သြခြင်း (astonishment) |
| got back | - | ပြန်ရောက်သည် (returned) |

# SUBSTITUTION

It's good to see you again.

It's nice to see you again.

It's wonderful to see you again.

It's delightful to see you again.

It's rxaciting to see you again.

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| nice | (a) | ကောင်းသော (good) |
| wonderful | (a) | အံ့သြဖွယ်ကောင်းသော (amazing) |
| delightful | (a) | နှစ်သက်ဖွယ်ကောင်းသော (joyful) |
| exciting | (a) | စိတ်တက်ကြွသော (excitable) |

# SUBSTITUTION

It's good to see you again.

It's good to met you again.

It's good to talk you again.

It's good to be with you again.

It's good to have a conversation with you again.

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| meet | (v) | တွေ့သည် |
| to meet you again | - | မင်းကို တစ်ကြိမ်တွေ့ရန် |
| talk | (v) | စကားပြောသည် (discuss, gossip) |
| talk to you | - | မင်းနှင့်စကားပြောရတာ |
| be with you | - | မင်းနှင့်အတူ |
| hear from you | - | မင်းထံမှ သတင်းကြားတာ |
| conversation | (n) | စကားပြော (talk) |

have a converastion with you - မင်းနှင့်စကားပြောရတာ

# SUBSTITUTION

It's good to see you again today.

It's good to see you again this week.

It's good to see you again during our vacation.

It's good to see you again so soon again.

It's good to see you after such a long time.

**Glossary** (အဓိပ္ပါယ်)

Today (adv) ယနေ့
this week - ဒီအပတ်
during our vacation - အားလပ်ရက်အတွင်း
so soon again - သိပ်မကြာခင်
after such a long time - ကာလအချိန်ကြာပြီးမှ

Where have you been lately?
တလောက ခင်ဗျား ဘယ်ပျောက်နေသလဲ
Where have you been recently?
Where have you been since June?
Where have you been this past week?
Where have you been for the last month?
Where have you been since finished?

**Glossary** (အဓိပ္ပါယ်)

Recently (adv) မကြာမီက
since June - ဇွန်လ ကတည်းက
For the last month - လွန်ခဲ့တဲ့လက
Since school finished - ကျောင်းပိတ်ကတည်းက

I've been with busy with extra work.
ကျွန်တော် အလုပ်တွေ များနေတယ်။
I've been tied up with extra work.
We've been tied up with business.
We've been completely involved with business.
We've been completely involved with activities.

**Glossary** (အဓိပ္ပါယ်)

tied up - အလုပ်ပိတ်နေသည်
business (n) အလုပ်အကိုင်

with business - အလုပ်အကိုင်နှင့်
completely (adv) စုံလင်စွာ (perfectly)
involved (v) ရှုပ်ထွေးသည်၊ လုံးလည်လိုက်သည် (complicate)
activites (n) အမှုကိစ္စများ (events)

I've had a lot of work to do too.
I've had a great deal of work to do too.
I've had a great deal of work to finish too.
I've had too much work to finish also.
I've had too much work to take care of also.

## Glossary (အဓိပ္ပါယ်)

a great deal - အများအပြား
too (adv) ထိုနည်းတူ၊ အလွန်
finish (v) ပြီးသည် (end, complete)
also (adv) လဲပဲ
too much - အများကြီး
care (v) ဂရုပြုသည် (look after)
take care also - ဂရုပြုဖို့

ခင်ဗျားကို တွေ့ရတာ ဝမ်းသာတယ်ဗျာ
I'm pleased to meet you.
I'm delighted to make your acquaintance.
I'm happy to make your acquaintance.
I'm happy to make your acquaintance so soon.

## Glossary (အဓိပ္ပါယ်)

acquaintance (n) သိကျွမ်းခြင်း (someone knows)
to make your acquaintance - သိကျွမ်းရတာ
happy (a) ဝမ်းသာသော (pleasure, joy)
so soon - မကြာမီ

ခင်ဗျား ပြည်မြို့ကို ရောက်နေတယ်ထင်တယ်။

I thought you were in Pyay (Prome)

I thought you were in the city.

I thought you were at the office.

I thought you were at the Ngapali Beach.

I thought you were at school.

I thought you were on the train to Mandalay.

## Glossary (အဓိပ္ပါယ်)

city (n) မြို့

office (n) ရုံး (government department)

at the Nagapail Beach - ငပလီကမ်းခြေမှာ

train (n) မီးရထား

on the train to Mandalay - မန္တလေးရထားပေါ်မှာ

I got back yesterday.

မနေ့က ပြန်ရောက်တယ်။

I got back two days ago.

လွန်ခဲ့တဲ့ နှစ်ရက်လောက်ကမှ ကျွန်တော် ပြန်ရောက်တယ်။

I returned two days ago.

လွန်ခဲ့တဲ့ နှစ်ရက်ကမှ ကျွန်တော်ပြန်လာခဲ့တယ်။

I got back last week.

လွန်ခဲ့တဲ့ အပတ်က ကျွန်တော်ပြန်ရောက်တယ်။

I returned lat Tuesday.

လွန်ခဲ့တဲ့ အင်္ဂါနေ့ကမှ ကျွန်တော် ပြန်လာခဲ့တယ်။

I flew home last Thursday.

လွန်ခဲ့တဲ့ ကြာသပတေးနေ့က လေယာဉ်ဖြင့် ကျွန်တော်ပြန်လာခဲ့တယ်။

I flew home on Friday.

သောကြာနေ့က လေယာဉ်ဖြင့် ကျွန်တော် ပြန်လာခဲ့တယ်။

**Glossary** (အဓိပ္ပါယ်)

got back, returned - ပြန်လာခဲ့သည်
yesterday - မနေ့က
Two days ago - လွန်ခဲ့တဲ့ နှစ်ရက်က
Returned (v) ပြန်ခဲ့သည်
Last Tuesday - လွန်ခဲ့တဲ့ အင်္ဂါနေ့က
Flew (v) လေယာဉ်နှင့် ပြန်ခဲ့သည်
(moved through the air)
home (n) နေအိမ်၊ နေရင်းတိုင်းပြည်

## PARTING ခွဲခွာခြင်း

Well, I have a meeting now.
ကဲ . . . ကျွန်တော့်မှာ အစည်းအဝေး ရှိနေလို့။
I'm in quite a hurry too.
ကျွန်တော်လည်း အလျင်စလို ကိစ္စတစ်ခု ရှိသေးတယ်။
Good to see you. Goodbye.
တွေ့ရတာတော့ ကောင်းပါတယ်၊ သွားမယ်နော်။
Goodbye. Take care of yourself.
ကောင်းပါပြီ၊ ကိုယ့် ကျန်းမာရေးလည်း ဂရုစိုက်ဗျို့။
I think I'd better go right now.
ကျွန်တော် ခုချက်ချင်း သွားမှဖြစ်မယ်။
I've got to be going now too.
ကျွန်တော်လည်း ခုပဲ သွားရမယ်။
In that case, I'll be seeing you again.
တွေ့ရတာတော့ ကောင်းပါတယ်၊ နောက်မှတွေ့မယ်။
So long. See you later.
ကောင်းပြီ၊ နောက်မှ တွေ့ကြသေးတာပေါ့။
It's getting late, and I have to go now.
နောက်ကျနေပြီ၊ ကျွန်တော် အခုသွားမှပဲ။

We're sorry you have to leave.
ခင်ဗျားနဲ့ ခွဲရမှာ စိတ်မကောင်းပါဘူး။
Please excuse me won't you?
ကျွန်တော့်ကို ခွင့်ပြုကြနော်။
certainly. Come back soon?
ကောင်းပါပြီ၊ မကြာမီ လာပါဦး။
I'm pleased to have met you.
ခင်ဗျားနဲ့ တွေ့ရတာ ဝမ်းသာတယ်ဗျာ။
Thank you it was good to have seen you.
အခုလိုပြောတာ ကျေးဇူးတင်ပါတယ်၊ ခင်ဗျားနဲ့တွေ့ရတာ ဝမ်းသာစရာပဲ။
I hope we can get together again.
ပြန်ဆုံကြလိမ့်ဦးမယ်လို့ မျှော်လင့်ပါတယ်။
Yes. I'll be looking forward to it.
ဟုတ်ကဲ့၊ အဲဒီနေ့ကို စောင့်နေပါတယ်။
I guess I have to leave now.
ကျွန်တော် ခုသွားမှဖြစ်မယ်။
Must you go so soon?
မြန်လှချည့်လား။
I'm afraid I really have to.
တစ်ကယ်ပါ၊ သွားစရာ ရှိလို့ပါ။
Well, it was exiting to get together.
အေးဗျာ . . . အခုလို ပြန်တွေ့ကြရတာ ဝမ်းသာစရာပဲ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| parting | (n) | ခွဲခွာရခြင်း (separation) |
| part | (n) | ခွဲခြမ်း၊ ခွဲခြား၊ ခွဲဝေခြင်း (portion) |
| part | (v) | ထွက်ခွာသည် (separate) |
| hurry | (n) | အလျင်စလိုကိစ္စ (haste) |
| hurry | (v) | အလျင်ပြုလုပ်သည် (do quickly) |
| take care of | - | ဂရုတစိုက် |
| Right now | - | ခု ချက်ချင်း |
| see you later | - | နောက်မှ တွေ့ကြသေးတာပေါ့ |

| | | |
|---|---|---|
| late | (a) | နောက်ကျသော (not punctual) |
| It's getting late | - | နောက်ကျနေပြီ |
| have to go | - | သွားရမယ် |
| have to leave | - | ခွဲခွာရမယ် |
| leave | (v) | ထွက်ခွာသည် (go away) |
| leave - left - left - (leaving) | | |
| excuse | (v) | ခွင့်လွှတ်သည် (pardon, forgive) |
| certainly | (adv) | ကောင်းပါပြီ (surely) |
| come back soon | - | မကြာခင် လာပါဦးမယ် |
| Together | (adv) | အတူတကွ (with each other) |
| hope | (v) | မျှော်လင့်သည် (expect) |
| be looking forward | - | စောင့်မျှော်သည် |
| Guess | (v) | မှန်းဆသည်၊ ခန့်မှန်းသည် (estimate) |
| was exciting | - | ဝမ်းသာသည်၊ စိတ်တက်ကြွသည် |

## AT THE POST OFFICE စာတိုက်မှာ

Please give me ten five-pyas stamps.
ငါးပြားတန် တံဆိပ်ခေါင်း ဆယ်လုံးပေးပါ။
Here they are.
ဒီမှာပါ။
How much is that?
ဘယ်လောက်ပါလဲ။
Fifty pyas.
ပြားငါးဆယ်ပါ။
I'd like to mail this package.
ကျွန်တော် ဒီအထုပ် ပို့ချင်လို့ပါ။
How do you want to send it?
ဘယ်လို ပို့ချင်ပါသလဲ။
By regular mail.
ရိုးရိုးနဲ့ ပို့ချင်ပါတယ်။

That'll be two kyats and forty-five pyas.

နှစ်ကျပ်နဲ့ လေးဆယ့်ငါးပြား ကျပါတယ်။

I want to send this letter special delivery.

ဒီစာကို မှတ်ပုံတင် အမြန်ပို့ချင်ပါတယ်။

All right. I'll weight it.

ကောင်းပါပြီ၊ ချိန်လိုက်ပါဦးမယ်။

How much will it cost to go that way?

သည်လိုဆိုလျှင် ဘယ်လောက်ကျမလဲ။

It'll cost one kyat and eighty-five pyas.

တစ်ကျပ်နဲ့ ရှစ်ဆယ့်ငါးပြား ကျပါတယ်။

What's the fastest way to send this package?

ဒီအထုပ်ကို အမြန်ဆုံးရောက်အောင် ဘယ်လိုပို့ရပါ့မလဲ။

Airmail special, but it'll be expensive.

လေကြောင်းအမြန်နဲ့ ပို့ပါ၊ ဒါပေမယ့် ဈေးကြီးမယ်။

How much will it cost to send it airmail special?

လေကြောင်းအမြန်ဆိုရင် ဘယ်လောက်ကျပါ့မလဲ။

Just a moment. I'll weight it and see.

ခဏစောင့်ပါ၊ ချိန်ကြည့်ပါဦးမယ်။

Do you sell envelopes here?

သည်မှာ စာအိတ်ရောင်းပါသလား။

Only envelopes with stamps printed on them.

တံဆိပ်ခေါင်းနှိပ်ထားတဲ့ စာအိတ်ပဲရှိတယ်။

Can I buy books of stamps here too?

တံဆိပ်ခေါင်း စာအုပ်ကော ဒီမှာရနိုင်ပါသလား။

Yes, you can.

ဟုတ်ကဲ့၊ ရပါတယ်။

I want to send a telegram. Where can I get some forms?

သံကြိုးရိုက်ရန်အတွက် ပုံစံများများ လိုချင်ပါတယ်။

Plese go up to that counter on the left. You will get telegraph forms there fill one up and hand it in at the counter.

ဘယ်ဘက်က ကောင်တာမှာ ပုံစံတစ်ရွက်ယူပြီး ပုံစံဖြည့်ပြီး ကောင်တာမှာ ပြန်ပေးလိုက်ရုံပဲ။

How much will it cost me to send this telegram to Pyay(Prome)?

ဒီကြေးနန်းစာ ပြည်မြို့ကိုရိုက်လျှင် ဘယ်လောက်ကျမလဲ။

Let me see, ten words, that'll be about K,3.

ကြည့်ပါရစေ၊အားလုံးပေါင်းစကားဆယ်လုံးဆိုတော့ သုံးကျပ်လောက်ကျပါလိမ့်မယ်။

Thank you very much.

ကျေးဇူးအများကြီးတင်ပါတယ်။

Not at all.

ကိစ္စမရှိပါဘူး ခင်ဗျာ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| Post office | - | စာတိုက် |
| Stamps | (n) | တံဆိပ်ခေါင်း (symbols) |
| package | (n) | အထုပ်၊ ဝန်ထုပ်၊ ဝန်ပိုး (parcel |
| send | (v) | ပို့သည် |
| mail | (v) | စာပို့သည်၊ ချောပို့သည် (send by mail) |
| regular mail | - | ရိုးရိုးပို့ |
| delivery | (n) | ပေးအပ်ခြင်း၊ လွှဲအပ်ခြင်း |
| weigh | (v) | ချိန်တွယ်သည် (load) |
| cost | (n) | အဖိုးအခ (price of somethigs) |
| cost | (v) | ကုန်ကျသည်၊ ပေးရသည် |
| fastest | - | အမြန်ဆုံး |
| expensive | (a) | ဈေးကြီးသော (high-priced) |
| Airmail special | - | လေကြောင်းအမြန် |
| envelope | (n) | စာအိတ် (cotainer for a letter) |
| print | (v) | ပုံနှိပ်သည် (impress) |
| print | (n) | အမှတ်တံဆိပ်၊ ပုံနှိပ်စာလုံး |
| printing | (n) | ပုံနှိပ်လုပ်ငန်း (the business of printer) |
| book of stamps | - | တံဆိပ်ခေါင်းစာအုပ် |
| telegram | (n) | ကြေးနန်းစာ (message sent by telegraph) |
| telegraph | (n) | ကြေးနန်းစက် |
| telegraph | (v) | ကြေးနန်းဖြင့် သတင်းပို့သည်၊ ကြေးနန်းရိုက်သည် |
| telegraphy | (n) | ကြေးနန်းရိုက်ခြင်း |
| form | (n) | ပုံစံ |
| telegraph form | - | ကြေးနန်းရိုက်ပုံစံ |

# COMMON HEALTH PROBLEMS
# ကျန်းမာရေးနှင့်ပတ်သက်၍

I have a terrible headache today.

ဒီနေ့ ခေါင်းအကြီးအကျယ် ကိုက်နေတယ်။

Have you taken any medicine for it?

ဆေး မသောက်ဘူးလား။

Yes, I'll get over it.

ဟုတ်ကဲ့ သောက်ပါတယ်၊ မကြာခင် ပျောက်သွားမှာပါ။

Lying down for a few minutes might help it too.

ခဏလောက် လှဲနေလိုက်ရင် မြန်မြန် သက်သာသွားမှာပါ။

I've got a cold.

ကျွန်တော် အအေးမိနေတယ်။

It's probably this terrible weather.

ဆိုးသွမ်းတဲ့ ရာသီကြောင့်ပါ။

Yes. It's giving everyone a cold.

ဟုတ်တယ်၊ လူတိုင်းလိုလိုပဲ အအေးမိနေကြတယ်။

I hope I don't catch one.

အအေးမိတာကို ကျွန်တော်တော့ လွတ်မယ်ထင်တယ်။

You look tired. Are you ill?

ခင်ဗျားကြည့်ရတာ နွမ်းနယ်နေသလိုပဲ၊ နေမကောင်းဘူးလား။

I think I've caught a cold.

ကျွန်တော် အအေးမိတယ်လို့ ထင်တယ်။

How can you tell?

ဘယ်လိုကြောင့်လဲ။

My throat is sore.

လည်ချောင်းက နာနေတယ်။

You don't look very well.

ခင်ဗျား သိပ်နေကောင်းပုံ မရဘူး။

I don't feel very well either.

ကျွန်တော် သိပ်နေမကောင်းဘူး။

Why don't you rest for a few minutes.

ခဏလောက် နားနေပါလား။

I think I will.

ဟုတ်ကဲ့ နားနေမလို့ပါ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| Health | (n) | ကျန်းမာခြင်း (freedom from disease) |
| Healthy | (a) | ကျန်းမာသော |
| Healthful | (a) | ကျန်းကျန်းမာမာရှိသော |
| problem | (n) | ပြဿနာ (difficulty) |
| common | (a) | အားလုံးနှင့်ဆိုင်သော (of all) |
| terrible | (a) | ကြောက်မက်ဖွယ်ကောင်းသော |
| medicine | (n) | ဆေး၊ ဆေးဝါး (drugs) |
| lying down | - | လဲလျောင်းလျှက် |
| for a few minutes | - | မိနစ်အနည်းငယ်လောက် |
| cold | (n) | အအေး (lack of heat) |
| got a cold | - | အအေးမိသည် |
| weather | (n) | ရာသီဥတု |
| terrible weather | - | ဆိုးသွမ်းသောရာသီ (stormy weather) |
| You look tired | - | ခင်ဗျားကြည့်ရတာ နွမ်းနယ်နေပုံရတယ် |
| ill | (a) | ဖျားနေသော (sick) |
| caught a cold | - | အအေးမိသည် |
| throat | (n) | လည်ချောင်း |
| sore | (a) | နာကျင်သော (painful) |
| don't look very well | - | နေကောင်းပုံ သိပ်မရဘူး |
| don't feel very well | - | နေမကောင်းဘူး |
| rest | (v) | နားသည်၊ အနားပေးသည် (take rest) |
| rest | (n) | နားနေခြင်း၊ အိပ်ခြင်း၊ အကြွင်းအကျန် |

# AT THE DOCTOR'S OFFICE
# ဆရာဝန်နှင့်တွေ့သောအခါ

I think I've got a fever.
ကျွန်တော် ဖျားနေတယ်လို့ ထင်ပါတယ်။
Do you feel very hot?
သိပ် ကိုယ်ပူသလား။
Yes, and I've been sweating a lot.
ဟုတ်ကဲ့၊ ချွေး တော်တော်ထွက်နေတယ်။
You'd better go to a doctor.
ဆရာဝန်ဆီသွားရင် ကောင်းလိမ့်မယ်။
I feel quite sick, Doctor.
ကျွန်တော် နေမကောင်းလို့ပါ ဆရာ။
Can you tell me about it?
နေမကောင်းတဲ့အကြောင်း ပြောပါဦး။
I've got a headache and stomach cramps.
ခေါင်းလည်းကိုက်တယ်၊ ဗိုက်လဲနာတယ်။
I'd better take your temperature.
အပူချိန် တိုင်းကြည့်ဦးမယ်။
Is the cut on my leg dangerous?
ခြေထောက်က ဒဏ်ရာက အန္တရာယ်ရှိနိုင်ပါသလား။
No, but there's a little infection.
မရှိပါဘူး၊ ဒါပေမယ့် နည်းနည်းရင်းနေတယ်။
What can you do about an infection?
အနာရင်းလျှင် ဘယ်လိုလုပ်ရ ကောင်းမလဲ။
I'll use an antibiotic.
မရင်းတဲ့ဆေး ထိုးပေးမယ်လေ။
Have you ever had asthma?
ခင်ဗျား ပန်းနာရောဂါ ဖြစ်ဖူးသလား။
Yes. I had it about two years ago.
ဟုတ်ကဲ့ လွန်ခဲ့တဲ့ ၂နှစ်ကျော်က ဖြစ်ဖူးပါတယ်။

Have you ever had malaria?
ငှက်ဖျားရောဂါ ဖြစ်ဖူးသလား။
No. I've never had malaria.
ငှက်ဖျားရောဂါ တစ်ခါမှ မဖြစ်ဖူးပါဘူး ဆရာ။
Do I have anything serious, Doctor?
စိုးရိမ်ရပါသလား ဆရာ။
Only a slight cold.
အအေး နည်းနည်းမိတာလောက်ပါ။
Will it lost very long?
သိပ် ကြာဦးမလား ဆရာ။
No. It'll probably go away in a day or two.
မကြာပါဘူး၊ တစ်ရက် , နှစ်ရက်ဆိုလျှင် ပျောက်သွားမှာပါ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| Doctor | (n) | ဆရာဝန် (physician) |
| fever | (n) | အဖျားရောဂါ (sign of illness) |
| feel | (v) | ခံစားသည် (sense) |
| sweat | (n) | ချွေးထုတ်ခြင်း (perspiration) |
| is sweating | - | ချွေးထုတ်သည် |
| sick | (a) | ဖျားနာသော |
| headache | (n) | ခေါင်းကိုက်ခြင်း (pain in the head) |
| stomach | (n) | အစာအိမ်၊ ဝမ်းဗိုက် (abdomen) |
| cramp | (v) | နာသည် |
| stomach cramp | - | ဗိုက်နာသည် |
| temperature | (n) | အပူချိန် (degree of heat or cold) |
| dangerous | (a) | အန္တရာယ်ရှိသော (risky) |
| infection | (n) | အနာရင်းခြင်း (act of infecting) |
| antibiotic | (n) | အနာမရင်းသည့်ဆေး |
| asthma | (a) | ပန်းနာရောဂါ |
| malaria | (n) | ငှက်ဖျားရောဂါ |
| serious | (a) | အရေးကြီးသော (solemn) |
| slight | (a) | အနည်းငယ်သော (small) |
| only a slight cold | - | အအေးနည်းနည်းမိတယ် |
| probaly | (adv) | ယုတ္တိရှိလျက် (likely) |

# MEETING AT THE TRAIN STATION
## ဘူတာရုံမှာ

I have to go to the train station.

ဘူတာရုံကို သွားစရာရှိတယ်။

What do you have to go for?

ဘာအတွက် သွားမှာလဲ။

To meet aunty from Mandalay.

မန္တလေးက အဒေါ်ကို ကြိုစရာရှိလို့ပါ။

Let me take you in my car.

လာ . . . ကျွန်တော့်ကားနဲ့ လိုက်ခဲ့ပါ။

Did you get to the station on time?

ခင်ဗျားတို့ ဘူတာရုံကို အချိန်မီ ရောက်ရဲ့လား။

We did but we were almost late.

ရောက်ပါတယ်၊ နည်းနည်းနောက်ကျတယ်။

How close was it?

ဘယ်လောက် နောက်ကျလို့လဲ။

We get on the train just it was starting.

ကျွန်တော်တို့ ရထားပေါ်ရောက်တော့ ရထားစထွက်နေပြီ။

Did your aunty arrive on time?

ခင်ဗျား အဒေါ် အချိန်မီရောက်ရဲ့လား။

No, she was an hour late.

မရောက်ပါဘူး၊ တစ်နာရီလောက် နောက်ကျတယ်။

Did you meet her at the station?

ခင်ဗျား အဒေါ်ကို ဘူတာရုံမှာ တွေ့တာလား။

Yes, I met her at the station.

ဟုတ်ကဲ့၊ အဒေါ်ကို ဘူတာရုံမှာ တွေ့ပါတယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| meet | (v) | တွေ့သည် (encounter) |
| train station | - | ဘူတာရုံ |
| aunty | (n) | အဒေါ် |
| from Madalay | - | မန္တလေးက |
| on time | - | အချိန်မီ (punctually) |
| almost | - | လုနီးနီး (nearly) |
| got on | - | ရောက်ရှိသည် (advanced) |
| start | (v) | အစပြုသည် (begin) |
| arrive | (v) | ရောက်သည် (reach) |
| late | (a) | နောက်ကျသော (not punctuall) |
| lately | (adv) | မကြာမီ (recently) |

# MEETING AT THE AIRPORT
## လေယာဉ်ကွင်းမှာ

Where will you meet your uncle?

ခင်ဗျား ဦးလေးကို ဘယ်မှာတွေ့မှာလဲ။

I'll meet him at the airport.

လေယာဉ်ကွင်းမှာ တွေ့မယ်လေ။

When will he get there?

သူ ဘယ်အချိန်ရောက်မှာလဲ။

I don't know yet.

မသိသေးဘူးဗျာ။

When are you meeting your friends?

ခင်ဗျား မိတ်ဆွေတွေနဲ့ ဘယ်အချိန်တွေ့မှာလဲ။

I'm meeting them at seven o'clock tomorrow night.

သူတို့နဲ့ မနက်ဖန်ည ခုနစ်နာရီမှာတွေ့မယ်။

How are they getting here?

သူတို့ ဒီကို ဘယ်လိုလာမလဲ။

They are coming by air.

သူတို့ လေယာဉ်ပျံနဲ့လာမယ်။

Is this M.A. office?

ဒါ အမ်-အေ ရုံးပါလား ခင်ဗျာ။

Yes, May I help you?

ဟုတ်ပါတယ်၊ ဘာများ ကူညီရမှာလဲ။

Can you tell me when flight 201 will arrive?

ခရီးစဉ်အမှတ်(၂၀၁) ဘယ်အချိန်ရောက်မလဲဆိုတာ သိပါရစေ။

One moment, please. I'll check.

ခဏကလေး စောင့်ဗျာ၊ ကြည့်လိုက်ပါရစေဦး။

All the incoming flights are listed on that board.

ဝင်လာမယ့်လေယာဉ်တွေရဲ့ အချိန်စာရင်းကို ကြော်ငြာသင်ပုန်းမှာ ကပ်ထားပါတယ်။

I see they expect Mg Mg's flight to be ten minutes late.

အချိန်စာရင်းအရဆိုရင် မောင်မောင်တို့လေယာဉ် ဆယ်မိနစ်လောက်နောက်ကျလိမ့်မယ်။

Do they have an arrival gate listed?

ဘယ်တံခါးပေါက်က ကြိုရမယ်ဆိုတာကော မသိဘူးလား။

No. They'll probably listed it about ten minutes before arrival.

မသိရသေးဘူး၊ မရောက်ခင်ဆယ်မိနစ်လောက်မှာ ကျေညာမယ်နဲ့ တူတယ်။

Well. How was your trip?

ကဲ . . . ဆိုစမ်းပါဦး၊ မင်းခရီးက ဘယ်လိုလဲ။

It was very smooth and fast.

လေယာဉ်က ငြိမ့်ငြိမ့်ညောင်းညောင်းနဲ့ သိပ်မြန်တယ်။

Could you see the mountains from the plane?

လေယာဉ်ပေါ်ကနေ တောင်တွေ မြင်ရသေးသလား။

Yes. The visibility was excellent all the way.

ဟုတ်ကဲ့ မြင်ရပါတယ်၊ ခရီးတစ်လျှောက်မြင်ရတဲ့ မြင်ကွင်းကတော့ အကောင်းဆုံးပါပဲ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| air-port | (n) | လေယာဉ်ကွင်း |
| by air | - | လေကြောင်းခရီး၊ လေယာဉ်နှင့် |
| flight | (n) | ပျံခြင်း၊ ပျံသန်းမည့်ခရီး၊ လေယာဉ် (airplane) |
| one monent | - | ခဏ၊ တစ်ခဏ |
| check | (v) | စစ်ဆေးသည် (inspect) |
| list | (v) | စာရင်းသွင်းသည် (make a list) |
| list | (n) | အစီအစဉ်စာရင်း (series of names) |
| arrival | (n) | ရောက်ရှိခြင်း (the act of coming) |
| trip | (n) | ခရီး (journey) |
| visibility | (n) | မြင်ကွင်း (view, scene) |
| excellent | (a) | ကောင်းမြတ်သော |
| all the way | - | ခရီးတလျှောက် |

## LEARNING AND USING ENGLISH
## အင်္ဂလိပ်စကား သင်ယူခြင်းနှင့် အသုံးပြုခြင်း

Do you want ot learn English?
ခင်ဗျား အင်္ဂလိပ်စာ သင်ချင်သလား။
Yes. I do very much.
ဟုတ်ကဲ့ သိပ် သင်ချင်ပါတယ်။
Why do you want to learn English?
ဘာဖြစ်လို့ သင်ချင်တာလဲ။
Because it'll be useful in the future.
ဘာဖြစ်လို့လဲဆိုတော့ ဒီဘာသာ နောက်မှာ အသုံးကျမယ်လေ။
Do you understand the sentence?
ခင်ဗျား ဝါကျကို နားလည်ရဲ့လား။
I don't understand it completely.
ပြည့်ပြည့်စုံစုံတော့ နားမလည်သေးဘူး။
All right, then. I'll repeat it.
ကောင်းပြီ၊ ကျွန်တော် ထပ်ရှင်းမယ်။

Thank you very much.
ကျေးဇူးအများကြီးတင်ပါတယ်။
Did you understand what I said?
ကျွန်တော်ပြောတာ နားလည်ပါသလား။
No, I don't. Would you please say it again?
နားမလည်ပါဘူး ခင်ဗျာ၊ ထပ်ပြောပါဦး။
Of course. I'll say it again slowly.
ကောင်းပြီ၊ ကျွန်တော် ဖြေးဖြေးထပ်ပြောမယ်။
That will help a lot.
ဒီလိုဆို ကောင်းကောင်းရှင်းသွားမှာပါ။
Please write down Mg Mg's address.
မောင်မောင်လိပ်စာကို ရေးပေးစမ်းပါ။
All right but would you please speak very solwly?
ကောင်းပြီ၊ ဒါပေမယ့် ဖြည်းဖြည်းပြောနော်။
Yes. Do you want me to spell each word too?
ဟုတ်ကဲ့၊ တစ်လုံးချင်း ပေါင်းပေးရမလား။
Not the numbers only the names.
အမှတ်မလိုပါဘူး၊ နာမည်ကတော့ ပေါင်းပေးပါ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| learn | (v) | လေ့လာသည်၊ သင်ယူသည် (skill by studying) |
| learning | (n) | သင်ယူခြင်း (scholarship) |
| learner | (n) | သင်ယူသူ (student) |
| use | (v) | အသုံးပြုသည် (service) |
| using | (n) | အသုံးပြုခြင်း (usefulness) |
| useful | (a) | အသုံးကျသော |
| usefully | (adv) | အသုံးဝင်စွာ |
| future | (n) | အနာဂတ်ကာလ (time to come) |
| future | (a) | အနာဂတ်ကာလဖြစ်သော (coming) |
| in the future | - | အနာဂတ်ကာလမှာ |
| understand | (v) | နားလည်သည် (know well) |
| understanding | (n) | နားလည်ခြင်း (intelligence) |
| sentence | (n) | ဝါကျ |

| | | |
|---|---|---|
| completely | (adv) | ပြည့်စုံစွာ၊ ပြည့်ပြည့်စုံစုံ (perfectly) |
| all right | - | ကောင်းပြီ |
| repeat | (v) | ပြန်ပြောသည် (say again) |
| repeated | (a) | ထပ်ပြော၊ ထပ်လုပ်သော (said, done) |
| of course | - | ကောင်းပြီ |
| slowly | (adv) | ဖြည်းစွာ (in a slow manner) |
| write down | - | ရေးမှတ်သည် |
| address | (n) | လိပ်စာ |
| spell | (v) | စာလုံးပေါင်းသည် |
| numbers | (n) | ကိန်းဂဏန်းနံပါတ် |
| name | (n) | အမည် (designation) |

## LANGUAGE LEARNING PROBLEMS
## ဘာသာစကား သင်ယူခြင်းဆိုင်ရာ ပြဿနာများ

What are you studying right now?
ဘာများ လေ့လာနေပါသလဲ။
I'm doing my English assignment.
အင်္ဂလိပ်ဘာသာ လေ့ကျင့်ခန်း လုပ်နေပါတယ်။
What's the hardest thing about English?
အင်္ဂလိပ်ဘာသာမှာ ဘယ်ဟာ အခက်ဆုံးပါလဲ။
Pronunciation is the hardest thing for me.
ကျွန်တော့်အဖို့တော့ အသံထွက်ဟာ အခက်ဆုံးပါ။
Can Mg Mg understand French as well as English.
မောင်မောင် ပြင်သစ်ဘာသာကို အင်္ဂလိပ်ဘာသာလို နားလည်သလား။
Yes, and he can speak it well to.
ဟုတ်ကဲ့၊ သူ ပြင်သစ်လိုလဲ ကောင်းကောင်းပြောနိုင်ပါတယ်။
I can't speak a word of any language except my own.
ကျွန်တော်တော့ မိမိဘာသာကလွဲလို့ ဘယ်ဘာသာမှ မကြိုက်ဘူး
Neither can I.
ကျွန်တော်လဲ အတူတူပါဘဲ။

That man is able to speak two or three languages.
ဒီလူက ဘာသာ နှစ်မျိုး,သုံးမျိုးတတ်တယ်။
Yes, and he can speak them well. I understand.
ဟုတ်တယ် . . . သူ ကောင်းကောင်းလည်း ပြောနိုင်တယ်။
Could you learn two or three languages?
ခင်ဗျားကော ဘာသာ နှစ်မျိုး,သုံးမျိုး သင်ယူနိုင်မလား။
No. I couldn't learn two or three languages.
ကျွန်တော် ဘာသာ နှစ်မျိုး,သုံးမျိုး မသင်ယူနိုင်ပါဘူး။
I'm feeling very discouraged.
ကျွန်တော်ကတော့ အားလျော့တယ်ဗျာ။
What's the matter?
ဘာဖြစ်လို့ . . .
When people talk to me, they talk too fast.
စကားပြောတဲ့လူတွေက သိပ်မြန်မြန်ပြောကြတယ်။
You'll have to listen faster then.
ဒီလိုဆို မြန်မြန်လိုက် နားထောင်ပေါ့။
Learning languages is difficult.
ဘာသာစကား သင်ယူရတာ မလွယ်ကူဘူး။
I wish there were only one language in the world.
ကျွန်တော်ကတော့ ကမ္ဘာမှာ ဘာသာစကား တစ်ခုပဲ ဖြစ်စေချင်တယ်။
Then we'd have to learn it.
သည်လိုဆို ကျွန်တော်တို့ ဘာသာတစ်ခုပဲ လေ့လာရမယ်။
That's the trouble, isn't it?
သည်လိုဆိုတော့လည်း ပြဿနာများ ဖြစ်နေဦးမှာလား။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| Language | (n) | ဘာသာစကား (human speech or written) |
| assignment | (n) | လေ့ကျင့်ခန်း (assigning) |
| hardest | (a) | အခက်ခဲဆုံးဖြစ်သော (not easiest) |
| Pronuncistion | (n) | အသံထွက် (syllables) |
| French | (n) | ပြင်သစ်ဘာသာ (the language of frence) |
| Speak | (v) | ပြောဆိုသည် (talk, declare) |

two or three languages - ဘာသာနှစ်မျိုး၊ သုံးမျိုး

| | | |
|---|---|---|
| discourage | (v) | စိတ်အားလျှော့သော (deter) |
| discouragement | (n) | စိတ်ပျက်စေခြင်း (discouraging) |
| except | (prep) | မှတစ်ပါး |
| except | (v) | ချွင်းချန်သည် (leaving out, exclude) |
| own | (n) | ကိုယ်ပိုင်ဖြစ်သော (belonging to) |
| own | (v) | ပိုင်ဆိုင်သည် (concede, possess) |
| owner | (n) | ပိုင်ရှင် (hold one's own) |
| except my own | - | မိမိဘာသာကလွဲ၍ |
| fast | (a) | မြန်သော (quick) |
| difficult | (a) | ခက်ခဲသော (not easy) |
| trouble | (v) | ဒုက္ခရောက်သည် (bother) |
| trouble | (n) | အနှောင့်အယှက်ဖြစ်စေခြင်း (distress) |

## ARRIVING EARLY OR LATE
## နောက်ကျခြင်း စောခြင်း

I'm afraid we're going to be late.

နောက်ကျမှာ စိုးရိမ်တယ်ဗျာ။

How much time is there left?

အချိန်ဘယ်လောက် ကျန်သေးလဲ။

We've got about ten or fifteen minutes.

ဆယ်မိနစ် ဆယ်ငါးမိနစ်လောက်တော့ ကျန်သေးတယ်။

That should be plenty of time.

အချိန်အများကြီး ကျန်ပါသေးတယ်။

Whom are you waiting for?

ဘယ်သူ့ကို စောင့်နေကြတာလဲ။

We're waiting for our friend, Mg Mg.

ကျွန်တော်တို့သူငယ်ချင်း မောင်မောင်ကိုစောင့်နေတာပါ။

What are you looking so angry for?

ဘာပြုလို့ ဒီလောက်စိတ်တိုနေရတာလဲ။

Because he's ten minutes late already.
ချိန်းတဲ့အချိန်ထက် ဆယ်မိနစ်ကျော်သွားပြီလေ။
Aren't we going to be late for the meeting?
ကျွန်တော်တို့ အစည်းအဝေး နောက်ကျမနေဘူးလား။
No. I think we'll be on time.
မကျပါဘူး၊ ကျွန်တော်တို့ အချိန်မီရောက်မှာပါ။
Well, I want to be there in time.
ကျွန်တော်တော့ အစည်းအဝေးကို အချိန်မီရောက်ချင်တယ်။
The meeting doesn't start for another ten minutes.
အစည်းအဝေးစဖို့ ဆယ်မိနစ်လိုပါသေးတယ်။
Isn't Mg Mg here yet?
မောင်မောင် မရောက်သေးဘူးလား။
Here he comes now.
ဟော ... လာပါပြီ။
Nine forty-five. Late as usual.
ကိုးနာရီ လေးဆယ့်ငါးမိနစ်၊ ဒါထုံးစံအတိုင်း နောက်ကျတာပဲ။
Well, we can still get to school on time.
အေးပါ၊ ကျောင်းကို အချိန်မီ ရောက်နိုင်ပါသေးတယ်။
Are we late or not?
ကျွန်တော်တို့ နောက်များကျနေမလား။
No, In fact we're early according to my watch.
မကျပါဘူး၊ ကျွန်တော်နာရီဆို စောင့်တောင်နေရဦးမယ်။
Hadn't we better go inside?
အထဲဝင်ရရင် မကောင်းဘူးလား။
All right. But we're really about half an hour early.
ကောင်းသားပဲ၊ ကျွန်တော်တို့ နာရီဝက်လောက် စောနေတာပဲ။

**Glossary** (အဓိပ္ပါယ်)

| | | |
|---|---|---|
| Arriving | (n) | ရောက်ရှိခြင်း (the act of reaching) |
| early | (adv) | စောစွာ (before the usual time) |
| last | (a) | နောက်ကျသော (not punctual) |
| afraid | (a) | ကြောက်ရွံ့သော (fearful) |
| left | (v) | ကျန်သေးသည် (leave, left, leaving) |

| | | |
|---|---|---|
| plenty of time | - | အချိန်များများ |
| wait | (v) | စောင့်သည် (delay, be ready) |
| are waiting | - | စောင့်သည် |
| angry | (a) | စိတ်ဆိုးသော (annoyed) |
| meeting | (n) | အစည်းအဝေး (an assembly) |
| in time | - | အချိန်မီ (at the time, exactly) |
| usual | (a) | ထုံးစံအတိုင်းဖြစ်သော (habitual) |
| usually | (adv) | ထုံးစံအရ (habitually) |
| according to | - | အရ (as stated) |
| watch | (n) | နာရီ (a small clock) |

## USING EXPRESSIONS OF TIME
## အချိန်နှင့်ပတ်သက်၍

Were you at home last night?

လွန်ခဲ့တဲ့ညက ခင်ဗျား အိမ်မှာရှိသလား။

No, but I was at home the night before last.

လွန်ခဲ့တဲ့ညကတော့ မရှိဘူး၊ တစ်နေ့ညက ရှိတယ်။

Will you be at home tomorrow?

မနက်ဖန်ကော အိမ်မှာရှိမလား။

No, but I'll be at home the next day.

ရှိမှာမဟုတ်ဘူး၊ နောက်တစ်နေ့မှ ရှိမယ်။

Don't your friends leave the week before last?

ခင်ဗျားမိတ်ဆွေတွေသွားတာ လွန်ခဲ့တဲ့ တစ်ပတ်ကျော်က မဟုတ်လား။

Right. They left just two weeks ago?

ဟုတ်ပါတယ်၊ သူတို့သွားတာ လွန်ခဲ့တဲ့ နှစ်ပတ်ကပါ။

Will they get back next week?

သူတို့ နောက်အပတ် ပြန်ရောက်ကြမလား။

Yes. According to them, they'll arrive a week from today.

ဟုတ်ကဲ့၊သူတို့ပြောတဲ့အတိုင်းဆိုရင် ဒီနေ့ကနေတစ်ပတ်အတွင်း ပြန်ရောက်ကြလိမ့်မယ်။

Did Mary get back last week?
မေရီ လွန်ခဲ့တဲ့အပတ်က ပြန်ရောက်သလား။
Yes, She got back on Friday.
ဟုတ်ကဲ့ သူမ သောကြာနေ့က ပြန်ရောက်ပါတယ်။
How long was she away?
သူမ သွားတာ ဘယ်လောက်ကြာသလဲ။
She was out of town for ten days.
မြို့ကနေသွားတာ ဆယ်ရက်ရှိပါပြီ။
When did John arrive in town?
ဂျွန် မြို့ကို ဘယ်တုန်းက ရောက်သလဲ။
He flew in last Tuesday afternoon?
လွန်ခဲ့တဲ့ အင်္ဂါနေ့က လေယာဉ်နဲ့ရောက်ပါတယ်။
Mary has been here since last Tuesday too.
မေရီ အင်္ဂါနေ့ကတည်းက ရောက်နေတယ်။
Both of them plan to leave the day after tomorrow.
နှစ်ယောက်စလုံး သဘက်ခါပြန်ကြမယ်။
How long have you been here.
ခင်ဗျား ဒီရောက်နေတာ ဘယ်လောက်ကြာပြီလဲ။
I've been here for two weeks.
နှစ်ပတ်ရှိပြီ။
How often do you get here?
ဒီကို ခဏခဏ ရောက်သလား။
I get to this city about twice a year.
ဒီမြို့ကို တစ်နှစ်မှာ နှစ်ကြိမ်လောက်ရောက်ပါတယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| expression | (n) | ဖော်ပြချက် (the act of expressing) |
| express | (v) | ဖော်ပြသည် (state) |
| at home | - | အိမ်မှာ |
| at school | - | ကျောင်းမှာ |
| last night | - | လွန်ခဲ့သောညက |
| tomorrow | - | မနက်ဖန် |
| The next day | - | နောက်တစ်နေ့ |

| | | |
|---|---|---|
| will be | - | ရှိလိမ့်မယ် |
| two weeks ago | - | လွန်ခဲ့တဲ့နှစ်ပတ်က |
| get back, return | - | ပြန်ရောက်သည် |
| on Friday | - | သောကြာနေ့ |
| How long (time) | - | အချိန်ဘယ်လောက်ကြာကြာ |
| for ten days | - | ဆယ်ရက် |
| flew | (v) | ပြန်ခဲ့သည် (fly, flew, flown) |
| flight | (n) | ပျံခြင်း၊ လေယာဉ်ပျံ (airplane) |
| both of them | - | နှစ်ယောက်စလုံး |
| plan | (v) | ကြံစည်သည် (make a plan) |
| plan | (n) | ပုံစံ၊ စီမံကိန်း (a drawing, project) |
| leave | (v) | ထွက်ခွာသည် (go away) |
| twice a year | - | တစ်နှစ်မှာနှစ်ကြိမ် |

## DATES AND PERIOD OF TIME
## နေ့စွဲနှင့် အချိန်ကာလ

How long have you worked in this office?
ဒီရုံးမှာလုပ်တာ ဘယ်လောက်ကြာပြီလဲ။
I've worked here since 1970.
ဒီရုံးမှာ ၁၉၇၀ခုနှစ်ကတည်းက လုပ်တာပါ။
How long ago did you finish school?
ကျောင်းကထွက်တာ ဘယ်လောက်ကြာပြီလဲ။
I finished school two years ago.
ကျောင်းကထွက်တာ နှစ်နှစ်ရှိပါပြီ။
Didn't you study English in school?
ကျောင်းမှာတုန်းက အင်္ဂလိပ်စာ မသင်ရဘူးလား။
Yes, but that was many years ago.
သင်ရပါတယ်၊ ဒါပေမယ့် နှစ်ကကြာပြီလေ။
How many years ago was it?
ဘယ်နှစ်, နှစ်လောက် ရှိသွားပြီလဲ။

At least three of four?
သုံး, လေးနှစ် ရှိသွားပါပြီ။
Did your father arrive here in the winter.
ခင်ဗျားအဖေ ဆောင်းမှာရောက်တာလား။
Yes, he got here in October.
ဟုတ်ပါတယ်၊ သူဒီကို အောက်တိုဘာမှာ ရောက်ပါတယ်။
Do you dnow the exact date he arrived?
သူရောက်တဲ့နေ့ကို တိတိကျကျ သိပါသလား။
Yes, I do. He got back on October tenth.
သိပါတယ်၊ အောက်တိုဘာ ဆယ်ရက်နေ့ပါ။
Have you been living here very long?
ဒီမှာနေတာ တော်တော်ကြာပြီလား။
No. I'vd only been here last summer.
မကြာသေးပါဘူး၊ ဒီမှာနေတာ နွေရာသီကပါ။
Are you going to stay until Christmas?
နာတာလူးပွဲတော်ရက်အထိ နေမှာလား။
No. I'll probably leave for Mandalay in the week.
မနေပါဘူး၊ ဒီအပတ်ထဲမှာပဲ မန္တလေးကို သွားဖြစ်မယ်ထင်တယ်။
I worked on my report until midnight last night.
လွန်ခဲ့တဲ့ညက ညဥ့်လယ်အထိ အစီရင်ခံစာ ရေးနေရတယ်။
Do you expect to finish the work by tomorrow morning?
မနက်ဖန် မနက်ပိုင်းမှာ ပြီးမယ်လို့ ခင်ဗျားထင်သလား။
Well, I certainly can't finish it before that time.
အင်း မနက်ဖန် မနက် မတိုင်မီတော့ မပြီးနိုင်ဘူး။
You'd better get someone to help you for a few hours today then.
ဒီလိုဆို ဒီနေ့ကူညီမယ့် လူတစ်ယောက်ကို ခေါ်ရင်ကောင်းမယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| dates | (n) | နေ့စွဲများ (statement of time) |
| date | (v) | ရက်စွဲတပ်သည် (be dated) |
| period | (n) | အချိန်ကာလ (era) |
| work | (v) | အလုပ်လုပ်သည် (operate) |
| since | (adv) | ကတည်းက (ago) |

| | | |
|---|---|---|
| finish | (v) | ပြီးသည် (conclude) |
| finish school | - | ကျောင်းပြီးသည် |
| study | (v) | လေ့လာသည် (learn about) |
| in school | - | ကျောင်းမှာ |
| many years ago | - | နှစ်က ကြာခဲ့ပြီ |
| at least | - | အနည်းဆုံး (at the lowest estimate) |
| winter | (n) | ဆောင်းရာသီ |
| exact | (a) | အတိအကျဖြစ်သော (correct) |
| summer | (n) | နွေရာသီ |
| Christmas | (n) | ခရစ္စမတ်ပွဲတော် |
| leave for | - | ထွက်ခွာသွားသည် (go away to) |
| report | (v) | အစီရင်ခံသည် (relate) |
| midnight | (n) | သန်းခေါင်ယံ (middle of the night) |
| someone | (pro) | တစ်စုံတစ်ယောက် (some body) |

## VACATION TIME အားလပ်ရက်

How much vacation time do you get?
ခင်ဗျား အားလပ်ရက် ဘယ်လောက်ရသလဲ။
Only one month this year, but two months next year.
ဒီနှစ်မှာ တစ်လပဲရတယ်၊ နောက်နှစ်မှာတော့ နှစ်လရလိမ့်မယ်။
We get four weeks a year after three years of service.
ကျွန်တော်တို့ကတော့ လုပ်သက်သုံးနှစ်ရှိရင် လေးပတ်ရပါတယ်။
I may take an extra week without pay this year.
ဒီနှစ်မှာ လစာမဲ့ ခွင့်တစ်ပတ် ပိုယူချင်, ယူမယ်။
Where do you plan to go for your vacation?
အားလပ်ရက်မှာ ဘယ်ကိုသွားဖို့ စီစဉ်ထားသလဲ။
I'm going to the Shan State.
ရှမ်းပြည်နယ်ဘက်ကို သွားဖြစ်မယ်။
When will you be back?
ဘယ်တော့ ပြန်ရောက်မလဲ။

Probably in two or three weeks.
နှစ်ပတ်, သုံးပတ်အတွင်း ပြန်ရောက်ပါမယ်။
Are you going to take your vacation in May?
မေလမှာ အားလပ်ရက် ယူမလို့လား။
I'm going to take it in April.
ဧပြီလမှာ ယူမယ်။
Are you going to go to Pyay (Prome)?
ပြည်မြို့ကို သွားမလို့လား။
No, I'm going to go to Mandalay.
မဟုတ်ပါဘူး၊ မန္တလေးကို သွားမလို့ပါ။
Did you have a good vacation?
အားလပ်ရက်မှာ တော်တော်ပျော်ခဲ့ရဲ့လား။
Yes. I did. I had a wonderful time.
ဟုတ်ကဲ့ တော်တော်ပျော်ခဲ့ပါတယ်။
What did you do?
ဘယ်တွေသွားပြီး ဘာတွေလုပ်ခဲ့သလဲ။
I visited some old friends in Mandalay.
မန္တလေးက မိတ်ဟောင်းဆွေဟောင်းတွေဆီ သွားလည်ခဲ့တယ်။
You haven't been around for a long time.
ခင်ဗျား မတွေ့တာ တော်တော်ကြာပြီ။
I've been away on a vacation.
အားလပ်ရက်ရလို့ သွားလည်နေလို့ပါ။
Everyone's been asking for you.
လူတိုင်းက ခင်ဗျားကိုမေးနေကြတယ်။
It's nice to be missed. (asked)
ဒီလို အမေးခံရတော့ အကောင်းသားပဲ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| vacation | (n) | အားလပ်ရက် (holiday) |
| serve | (v) | အမှုထမ်းသည် (work for) |
| service | (v) | အမှုထမ်းခြင်း (work) |
| extra | (a) | အပိုဖြစ်သော (additional) |
| pay | (n) | လစာငွေ (salary |

| | | |
|---|---|---|
| pay | (v) | ကြေးမြီပေးဆပ်သည် (give money) |
| plan | (v) | အကြံအစည် (scheme) |
| Shan State | - | ရှမ်းပြည်နယ် |
| wonderful | (a) | အံ့သြဖွယ်ကောင်းသော (amazing) |
| visited | (v) | လည်ပတ်ခဲ့သည် (called on) |
| old friends | - | မိတ်ဆွေဟောင်းများ |
| for a long time | - | အချိန်တော်တော်ကြာကြာ |
| everyone | (n) | လူတိုင်း (every body) |
| nice | (a) | ကောင်းသော (good) |
| miss | (v) | လွဲချော်သည် (fail to hit) |
| miss | (n) | လွဲချော်ခြင်း (failure) |

# TIME AND THE CALENDAR
## အချိန်နှင့်ပြက္ခဒိန်

When does February have twenty nine days?
ဘယ်နှစ်မှာ ဖေဖော်ဝါရီလဟာ (၂၉)ရက်ရှိပါသလဲ။
In leap year.
ဝါထပ်သည့်နှစ်မှာပါ။
How often is there a leap year?
ဘယ်နှစ်နှစ်တစ်ကြိမ် ဝါထပ်ပါသလဲ။
Every four year.
လေးနှစ်မှာ တစ်ကြိမ်ပါ။
How many days are there in leap years?
ဝါထပ်သည့်နှစ်မှာ တစ်နှစ်ကို ဘယ်နှစ်ရက်ရှိပါသလဲ။
There are three hundred and sixty-six.
ရက်ပေါင်း (၃၆၆)ရက် ရှိပါတယ်။
How many weeks are there in a year.
တစ်နှစ်မှာ ရက်သတ္တပတ်ပေါင်း ဘယ်လောက်ရှိသလဲ။
There are fifty-two weeks in a year.
ငါးဆယ့်နှစ်ပတ်ရှိပါတယ်။

What are the seasons in this country?
ဒီနိုင်ငံမှာ ဘယ်နှစ်ရာသီ ရှိပါသလဲ။
Summer, Rainy and Winter.
နွေ, မိုး, ဆောင်း သုံးရာသီပါ။
How may months are there in a season?
တစ်ရာသီမှာ ဘယ်နှစ်လရှိပါသလဲ။
There are four months in each season.
တစ်ရာသီမှာ လေးလရှိပါတယ်။
Today is the first day of winter.
ဒီနေ့ဟာ ဆောင်းရာသီရဲ့ ပထမနေ့ပါ။
I don't realize it.
ကျွန်တော်ကတော့ သတိမထားမိဘူး။
Aren't you glad it's here?
ဆောင်းဝင်လာတာ ဝမ်းမသာဘူးလား။
I'm always gald when rainy is over.
မိုးကုန်ရင် ကျွန်တော်တော့ အမြဲဝမ်းသာတယ်။
The weather is perfect today, isn't it?
ဒီနေ့ ရာသီဉတု သာယာတယ်မဟုတ်လား။
Yes. I like this season of the year very much.
သာယာပါတယ်၊ ဆောင်းရာသီကို ကျွန်တော်အကြိုက်ဆုံးပါပဲ။
Most people like this season best of all, don't they?
လူတိုင်းလိုလို ဒီရာသီကို အကြိုက်ဆုံး မဟုတ်လား။
Well, I'm sure a lot of people do.
လူတိုင်းလိုလိုပါပဲ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| time | (n) | အချိန် (period) |
| calendar | (n) | ပြက္ခဒိန် (month of a year) |
| leap | (v) | ခုန်သည် (jump) |
| leap | (n) | ခုန်ခြင်း (sudden jump) |
| in leap year | - | ဝါထပ်နှစ်မှာ |
| hundred | (n) | တစ်ရာ |
| week | (n) | ခုနစ်ရက် (period of seven days) |

| | | |
|---|---|---|
| season | (n) | ရာသီ |
| country | (n) | နိုင်ငံ၊ တိုင်းပြည် |
| This country | - | သည်နိုင်ငံ |
| each | (a) | အသီးသီးသော |
| first | (a) | ပထမ အဦးဆုံးဖြစ်သော |
| The first day | - | ပထမနေ့ |
| realize | (v) | သတိထားသည်၊ အမှတ်ထားသည် (be aware) |
| glad | (a) | ဝမ်းသာသော (happy, pleased) |
| is over | - | ပြီးသည်၊ ကုန်သည် (at one end) |
| weather | (n) | ရာသီဥတု |
| perfect | (a) | ပြည့်စုံသော၊ ကောင်းမွန်သော (complete) |
| most people | - | လူအများ |
| a lot of people | - | လူအများ |

# DAYS, DATE AND SEASONS
## နေ့များ, နေ့စွဲများနှင့် ရာသီများ

What day is today?

ဒီနေ့ ဘာနေ့လဲ။

It's Tuesday.

ဒီနေ့ အင်္ဂါနေ့ပါ။

It's Friday.

ဒီနေ့ သောကြာနေ့ပါ။

It's Sunday.

ဒီနေ့ တနင်္ဂနွေနေ့ပါ။ (စသည်ဖြင့် ရေးနိုင်သည်)

What day is today?

ဒီနေ့ ဘာနေ့လဲ။

Today is Tuesday.

ဒီနေ့ အင်္ဂါနေ့ပါ။

Today is Friday.

ဒီနေ့ သောကြာနေ့ပါ။

Today is Sunday.
ဒီနေ့ တနင်္ဂနွေနေ့ပါ။
Today Thursday.
ဒီနေ့ ကြာသာပတေးနေ့ပါ။ (စသည်ဖြင့် ရေးနိုင်သည်)
What's the date?
ဒီနေ့ ဘယ်နှစ်ရက်နေ့လဲ။
It's March twenty-first.
ဒီနေ့ မတ်လ(၂၁)ရက်ပါ။
It's March thirty.
ဒီနေ့ မတ်လ(၃၀)ရက်ပါ။
It's the third of September.
ဒီနေ့ စက်တင်ဘာ(၃)ရက်ပါ။
It's the fourteenth of June.
ဒီနေ့ ဇွန်လ(၁၄)ရက်ပါ။ (စသည်ဖြင့် ရေးနိုင်သည်)
How many seasons do you have in Myanmar?
မြန်မာပြည်မှာ ရာသီဥတု ဘယ်နှစ်မျိုးရှိသလဲ။
We have three seasons.
သုံးရာသီပါ။
What are they?
ဘာတွေလဲ။
They are the hot season, the rainy season and the cold season.
နွေဥတု, မိုးဥတုနှင့် ဆောင်းဥတုတို့ ဖြစ်ပါတယ်။
When does each of your seasons start and how long does it take?
သည်ရာသီတွေ ဘယ်ကစပြီး ဘယ်လောက်ကြာပါသလဲ။
The hot season begins in March and ends in May. The rainy season begins in June and ends in October and the cold season starts from November until the end of February.
နွေဥတုမှာ မတ်လမှ မေလအထိ၊ မိုးဥတုမှာ ဇွန်လမှ အောက်တိုဘာလအထိနှင့် ဆောင်းဥတုမှာ နိုဝင်ဘာလမှ ဖေဖော်ဝါရီလကုန်အထိ ဖြစ်သည်။
Which season do you like best?
သင် ဘယ်ရာသီဥတုကို အကြိုက်ဆုံးလဲ။
Of course, the cold season.
ဆောင်းရာသီပါ။

Why do you like the cold season?
ဘာကြောင့် ဆောင်းရာသီကို ပိုကြိုက်ရသလဲ။
Because it is a time when everything is cool and good, we get the best o flowers, vegetables and fruits in this season.
သည့်အချိန်မှာ အစစ,အရာရာ ကောင်းမွန်ပြီး လတ်ဆတ်တဲ့ အသီးအနှံတွေကိုလဲ ရတယ်၊ ဒါကြောင့် ဒီရာသီကိုကြိုက်တာပါ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| day | (n) | နေ့များ (period of 24 hours) |
| dates | (n) | နေ့စွဲများ (a statement of this in days, month and years.) |
| season | (n) | ရာသီ |
| today | (n) | ယနေ့ (this present day) |
| yesterday | (n) | မနေ့က (the day before today) |
| March | (n) | မတ်လ |
| twenty | (n) | နှစ်ဆယ် |
| first | (n) | ပထမ (beginning) |
| twenty first | - | နှစ်ဆယ့်တစ် |
| third | (a) | တတိယ၊ သုံးခုမြောက်ဖြစ်သော |
| third | (n) | တတိယ |
| the third of September | - | စက်တင်ဘာလ (၃)ရက် |
| the hot season | - | နွေဥတု |
| the rainy season | - | မိုးဥတု |
| the cold season | - | ဆောင်းဥတု |
| weather | (n) | ရာသီဥတု (တစ်နေရာတွင်ဖြစ်နေသည်ကို ဆိုလိုသည်) |

**eg:** The weather is fine in Yangon.
ရန်ကုန်မှာ ရာသီဥတုကောင်းတယ်။

climate (n) ရာသီဥတု
(general weather condition of a region)

**eg:** The climate of Myanmar is good.
မြန်မာနိုင်ငံမှာ ရာသီဥတုကောင်းတယ်။

begin (v) အစပြုသည် (start)

| | | |
|---|---|---|
| beginners | (n) | အစပြုသူများ (novices) |
| end | (v) | ပြီးဆုံးသည်၊ အဆုံးသတ်သည် |
| vegetables | (n) | ဟင်းသီးဟင်းရွက် |
| fruits | (n) | အသီး၊ သစ်သီး |
| fruitful | (a) | အသီးအနှံများထွက်သော (producing much fruits) |

## IDENTIFYING PEOPLE လူနှင့်ပတ်သက်၍

Are you Dr. Mg Mg?

ဆရာ ဒေါက်တာမောင်မောင်ပါလား။

No. That short fellow is Dr. Mg Mg.

မဟုတ်ပါဘူး၊ အဲ ဟို . . . အရပ်ပုပု လူပါ။

Do you mean the one over there with glasses?

ဟို မျက်မှန်နဲ့လူလား။

Yes. The one with brown hair.

ဟုတ်ပါတယ်၊ ဆံပင် ခပ်ညိုညိုနဲ့ လူပါ။

Who's that very handsome man?

တော်တော်ရုပ်ချောတဲ့ ဟောဟို . . . လူဟာ ဘယ်သူလဲ။

What did you say?

ခင်ဗျာ။

Do you know who that man over there is?

ဟို . . . အနားကလူဟာ ဘယ်သူလဲလို့ မေးနေတာပါ။

If you mean the thin, rather dark man, that's U Ba Sein.

ပိန်ပိန်ပါးပါး အသားညိုညိုနဲ့လူဟာ ဦးဘစိန်ပါ။

Do you recognize the girl talking to Mg Mg.

မောင်မောင်နဲ့စကားပြောနေတဲ့ မိန်းကလေးကို ခင်ဗျားမှတ်မိသလား။

Of course, I knew the girl he's talking to.

သူ စကားပြောနေတဲ့ မိန်းကလေးကို မှတ်မိပါတယ်။

Well then, whom is he talking to?

ဒါဖြင့် ဘယ်သူလဲ။

That's Mi Mi. Hla Mla's good friend.
မိမိ လေ. . .၊ လှလှရဲ့ သူငယ်ချင်းပေါ့။
What's that man's name?
အဲဒီလူ နာမည်ဘယ်လိုခေါ်ပါသလဲ။
I know, but I can't remember it right now.
သိတော့သိတယ်၊ နာမည်တော့ ခု မမှတ်မိတော့ဘူး။
Do you know the man over there by the door?
တံခါးနားကလူကို ခင်ဗျားသိသလား။
I do, but I can't remember his name at the moment.
သိပါတယ်၊ ဒါပေမယ့် နာမည်တော့ အခုမမှတ်မိဘူး။
Isn't he a famous singer?
နာမည်ကျော် အဆိုတော် မဟုတ်လား။
He's either a singer or a musician.
အဆိုတော်နဲ့ ဂီတပညာရှင် တစ်ဦးဦးပဲ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| identify | (v) | ဆက်သွယ်သည်၊ မှန်ကြောင်းပြသည် (conect, prove, say, show) |
| fellow | (n) | လူ (man |
| short fellow | - | အရပ်ပုသောလူ |
| tall fellow | - | အရပ်ရှည်သောလူ |
| thin fellow | - | ပိန်ပိန်ပါးပါးလူ |
| with glasses | - | မျက်မှန်နှင့် |
| with brown hair | - | ဆံပင်အညိုနှင့် |
| handsome | (a) | ရုပ်ချောသော (good looking) |
| darkman | - | အသားညိုသောလူ (indentify) |
| recognize | (v) | မှတ်မိသည် (call to mind, recall) |
| remember | (v) | သတိရသည်၊ မှတ်မိသည် (well known) |
| by the door | - | တံခါးအနီးမှာ |
| famous | (a) | ထင်ပေါ်ကျော်ကြားသော (person who sings) |
| singer | (n) | သီချင်းဆိုသူ၊ အဆိုတော် (preformer of music) |
| musician | (n) | ဂီတပညာရှင် (performer of music) |

# IMMEDIATE FAMILY AND RELATIVE
## ဆွေမျိုးရင်းချာ

How old is your daughter?
ခင်ဗျား သမီးအသက် ဘယ်လောက်ရှိပြီလဲ။
She's ten years old.
ဆယ်နှစ်ရှိပါပြီ။
Is your son older or younger than your daughter?
ခင်ဗျားသားဟာ ခင်ဗျားသမီးထက်ကြီးသလား။
Younger. He's only seven.
အငယ်လေ၊ သားက ခုနစ်နှစ်ပဲ ရှိသေးတယ်။
Have you got many relatives here?
ဒီမှာ ခင်ဗျားဆွေမျိုးများသလား။
Yes. An aunty and an uncle and four grandparents.
အဒေါ်တစ်ယောက်၊ ဦးလေးတစ်ယောက်နဲ့ အဖိုးအဖွားလေးယောက်ရှိပါတယ်။
Do your aunty and uncle have children?
အဒေါ်နဲ့ဦးလေးမှာ ကလေးတွေရှိသလား။
Yes. I have three cousins two boys and a girl.
ဟုတ်ကဲ့ ရှိပါတယ်၊ ကျွန်တော်ဝမ်းကွဲညီအစ်ကို မောင်နှမတွေပေါ့၊ ယောကျ်ား နှစ်ယောက်၊ မိန်းကလေးတစ်ယောက်ပါ။
Do you have a picture of your family?
ခင်ဗျားမိသားစု ဓာတ်ပုံရှိသလား။
Yes. I've got one right here.
ဟုတ်ကဲ့ ဒီမှာတစ်ခုရှိပါတယ်။
You have a very nice family?
ခင်ဗျားမိသားစု တစ်ကယ်ပဲ သာယာပါတယ်။
Thank you.
ကျေးဇူးတင်ပါတယ်။
Mg Mg looks like his father.
မောင်မောင် သူ့အဖေနဲ့တူတယ်။

Do you and your father look alike?
မင်းကော မင်းအဖေနဲ့ တူသလား။
There's a little resemblance but not much.
နဲနဲတော့တူပါတယ်၊ သိပ်တော့မတူဘူး။
I don't look like anyone at all in my family.
ငါကတော့ မိသားစုထဲမှာ ဘယ်သူနဲ့မှ မတူဘူး။
How's your family?
ခင်ဗျားတို့ မိသားစု နေထိုင်ကောင်းရဲ့လား။
They've all fine, thanks.
ဟုတ်ကဲ့ ကောင်းကြပါတယ်၊ ခုလိုမေးတာ ကျေးဇူးတင်ပါတယ်။
Are your son and nephew still here?
ခင်ဗျားသားနဲ့ တူတော်မောင် ဒီမှာရှိသလား။
Yes, they are. They've still visiting me.
ဟုတ်ကဲ့ ရှိကြပါတယ်။

**Glossary** (အဓိပ္ပါယ်)

| | | |
|---|---|---|
| immediate | (a) | အနီးဆုံးဖြစ်သော (very near) |
| family | (n) | အိမ်ထောင်စု (parents and their children) |
| relative | (n) | ဆွေမျိုး |
| relation | (n) | ဆွေမျိုးတော်စပ်ခြင်း (relative) |
| elder | (a) | ပို၍အသက်ကြီးသော (old, elder, eldest) |
| younger | (a) | ပို၍အသက်ငယ်သော (young, younger, youngest) |
| grandparents | (n) | အဖိုးအဖွားများ |
| look like | - | တူသည် |
| look alike | - | တူသည် (seem to be, seem likely) |
| resemblance | (n) | ရုပ်တူခြင်း၊ ဆင်ခြင်း (likeness) |

# IDENTIFYING THINGS ပစ္စည်းနှင့်ပတ်သက်၍

Which house is your house?
ခင်ဗျားအိမ် ဘယ်ဟာလဲ။
Ours is the last one on the right side.
ကျွန်တော်တို့အိမ်ဟာ လက်ယာဘက်တန်းရဲ့ နောက်ဆုံးအိမ်ပါ။
Is yours the red one or the yellow one?
အိမ်အနီလား၊ အဝါလား။
The red one is on the right side of the street.
လမ်းရဲ့လက်ယာဘက်မှာရှိတဲ့ အိမ်အနီပါ။
What's the name of that book Mary Ann referred to?
မေရီအန်းညွှန်းထားတဲ့ စာအုပ်အမည်က ဘာလဲ။
It slipped my mind for the moment.
လောလောဆယ်တော့ စဉ်းစားလို့မရသေးဘူး။
Who did she say was the author?
စာရေးဆရာအမည်က ဘယ်သူလို့ပြောသလဲ။
The man whose name starts with K.
နာမည်ကတော့ "ကေ"နဲ့စတာပဲ
Which one of these are you going to choose?
ဒီအထဲက ခင်ဗျား ဘယ်ဟာကိုရွေးမလဲ။
I like the red one with the yellow stripes.
အဝါပတ်နဲ့ အနီကို လိုချင်တယ်။
The car over there by the lamp-post is Soe Soe's.
ဓာတ်မီးတိုင်က ကားဟာ စိုးစိုးကားပါ။
Which do you mean the old one or the new red one?
ခင်ဗျားပြောတာ ကားအဟောင်းကြီးလား၊ အနီအသစ်ကို ပြောတာလား။
Neither. I mean the lamp-post on your left.
တစ်ခုမှ မဟုတ်ဘူး၊ ကျွန်တော်ပြောတာက ခင်ဗျားလက်ဝဲဘက် ဓာတ်မီးတိုင်နားက ကားကိုပြောတာ။
Oh. Then the one with the convertible top must be his.
အော် . . . ဒါလား၊ ဒီလိုဆို အမိုးအရှင်နဲ့ ကားပဲဖြစ်ရမယ်။

What's the name of that thing with the strange shape?

ဟို . . . ထူးထူးဆန်းဆန်းပုံစံနဲ့ အရာဝတ္ထုဟာ ဘာခေါ်သလဲ။

I beg your pardon.

ခင်ဗျာ

Can you tell me what the name of that thing over there is?

အနားကအရာဝတ္ထုဟာ ဘာလဲဆိုတာ ကျွန်တော့်ကို ပြောနိုင်မလားလို့ပါ။

Sorry. I don't know myself.

နည်းပါတယ်ခင်ဗျာ၊ ကျွန်တော်လဲ မသိပါဘူး။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| identify | (v) | ဆက်သွယ်သည်၊ ပတ်သက်သည် (conect, unite) |
| identifying | (a) | ဆက်သွယ်သော၊ ပတ်သက်သော |
| things | (n) | ပစ္စည်းများ (matters) |
| last | (a) | နောက်ဆုံး (final) |
| last one | - | နောက်ဆုံးဟာ |
| first | (a) | ပထမဖြစ်သော |
| first one | - | ပထမဟာ |
| next to last | - | နောက်ဆုံး (ဒုတိယ) |
| right side | - | လက်ယာဘက် |
| left side | - | လက်ဝဲဘက် |
| refer | (v) | ရည်ညွှန်းချက် (act of referring) |
| reference | (n) | ရည်ညွှန်းချက် |
| slip | (v) | လျှော့ကျသည်၊ ချော်သည် (slide, glide) |
| slipped | (v) | လျှော့ကျခဲ့သည် |
| mind | (n) | စိတ် (consciousness) |
| slipped my mind | - | စဉ်းစားလို့မရဘူး |
| author | (n) | စာရေးဆရာ (writter) |
| stripes | (n) | အစင်း (long narrow band) |
| stripes | (v) | အစင်းထင်သည် (make with stripes) |
| old | (a) | အိုသော၊ ဟောင်းသော |
| the old on | - | အဟောင်း |
| new | (a) | သစ်သော |
| lamp-post | - | ဓာတ်မီးတိုင် |

| | | |
|---|---|---|
| neither | (pron) | တစ်ခုမှမဟုတ် |
| convert | (v) | ပြောင်းလဲသည် (change, turn) |
| convert | (n) | ပြောင်းလဲခြင်း |
| convertible | (a) | ပြောင်းလဲ၍ရသော |
| convertible top | - | အမိုးအရှင် |
| strange | (a) | ထူးဆန်းသော (odd, queer) |
| stranger | (n) | သူစိမ်း (person not known) |
| shape | (n) | ပုံပန်း၊ ပုံ (figure, form) |
| shape | (v) | ပုံဖော်သည် (take shape) |
| shapely | (a) | ပုံကျသော |
| there | (adv) | အဲဟို အနား (place) |
| sorry | (a) | ဝမ်းနည်းသော (patiful, regret) |
| sorrow | (n) | ဝမ်းနည်းခြင်း (grief, sadness) |
| sorrow | (v) | ဝမ်းနည်းသည် (show grief) |

## SENDING AND RECEIVING LETTERS
## ပေးစာ ပြန်စာ

Are you writing a letter?

စာရေးနေသလား။

Yes. I'm writing to my uncle.

ဟုတ်တယ်၊ ဦးလေးထံကို စာရေးနေတယ်။

Do you write letters very often?

မကြာ မကြာ စာရေးသလား။

Yes. I write three of four letters a week.

ဟုတ်ကဲ့၊ တစ်ပတ်မှာ သုံး, လေးစောင်တော့ ရေးတယ်။

Do you write letters very often?

မကြာ မကြာ စာရေးသလား။

No. I hate to write letters.

မရေးပါဘူး၊ စာရေးရတာ မုန်းလွန်းလို့။

It takes a lot of time.

အချိန်တော်တော် ကုန်တာကိုး။

It sure does.

တကယ်ပါပဲ။

Did Mg Mg get a letter?

မောင်မောင် စာတစ်စောင်ရသလား။

Yes. He got one yesterday.

ဟုတ်ကဲ့ သူမနေ့က စာတစ်စောင်ရတယ်။

Does he get many letters?

သူ စာတွေ တော်တော်ရသလား။

Yes. He gets some everyday.

ဟုတ်ကဲ့ နေ့တိုင်း တော်တော်များများရတယ်။

Mary Ann wrote me a long letter.

မေရီအန်း ကျွန်တော့်ဆီကို စာရှည်ကြီးရေးလိုက်တယ်။

When did she write to you?

ဘယ်တုန်းက ရေးလိုက်တာလဲ။

She sent the letter to me about a week ago.

လွန်ခဲ့တဲ့ တစ်ပတ်လောက်က ပို့လိုက်တယ်။

She hasn't even sent me a postcard yet?

ကျွန်တော့်ထံတော့ ပို့စကတ်လေးတစ်ခုတောင် ပို့ဖော်မရဘူး။

We wrote to Mary Ann's sister last week.

လွန်ခဲ့တဲ့ အပတ်က မေရီအန်း အစ်မထံ စာတစ်စောင် ရေးလိုက်တယ်။

Has she written to you yet?

သူကတော့ စာမရေးဘူးလား။

No, she hasn't.

ဟင့်အင်း၊ မရေးသေးပါဘူး။

She wrote to me a few days ago.

လေး ၊ ငါးရက်လောက်ကတော့ ကျွန်တော်ထံ စာရေးတယ်။

**Glossary** (အဓိပ္ပါယ်)

| | | |
|---|---|---|
| send | (v) | ပို့သည် (cause to go) |
| sent | (v) | ပို့ခဲ့သည် |
| sending | (n) | ပေးပို့ခြင်း |
| receive | (v) | ယူသည် (get, gain) |
| receiver | (v) | လက်ခံသူ (person who receives) |

| | | |
|---|---|---|
| receiving | (n) | လက်ခံယူခြင်း |
| letters | (n) | ပေးစာများ |
| write | (v) | စာရေးသည် (state in letters) |
| writer | (n) | စာရေးဆရာ (author) |
| writing | (n) | စာရေးသားခြင်း |
| often | (adv) | မကြာခဏ (frequently) |
| a lot of time | - | အချိန်တော်တော်များများ |
| a week ago | - | လွန်ခဲ့တဲ့အပတ်က |
| postcard | - | ပို့စကတ် |
| a few days ago | - | လွန်ခဲ့တဲ့ လေး,ငါးရက်လောက်က |

## WHAT'S IT LIKE OUTSIDE?
## အပြင်ဘက်မှာ ရာသီဥတု ဘယ်လိုလဲ

Is it raining now?

မိုးရွာနေသလား။

Yes, it is. It's raining very hard.

ဟုတ်ကဲ့ ရွာနေတယ်၊ မိုးသဲသဲမဲမဲ ရွာနေတယ်။

Does it rain very much in this area?

ဒီဘက်မှာ မိုးတော်တော် ရွာသလား။

Yes. It rains a lot in the rainy season.

ဟုတ်ကဲ့ မိုးရာသီမှာ မိုးများတယ်။

How's the weather?

ရာသီဥတု ဘယ်လိုလဲ။

It's raining outside now.

အပြင်ဘက်မှာတော့ မိုးရွာနေတယ်။

Is it raining very hard?

မိုးတော်တော် သဲသလား။

No, it isn't. It's just sprinkling.

သိပ်မသဲပါဘူး၊ မိုးဖွဲကလေးလောက်ပါ။

What's the weather like outside?
အပြင်ဘက်မှာ ရာသီဥတု ဘယ်လိုလဲ။
I think it's going to rain.
မိုးရွာတော့မယ်။
It wan nice a few hours ago.
စောစောက ရာသီဥတု ကောင်းသားပဲ။
It was beautiful, wasn't it?
ရာသီဥတုက သာသာယာယာပဲမို့လား။
How's the weather today?
ယနေ့ ရာသီဥတု ဘယ်လိုလဲ။
It's quite cold and damp.
သိပ်အေးပြီး စိုစွတ်နေတယ်။
How are the winters here in general?
ဆောင်းရာသီ ဒီမှာနေရတာ ဘယ်နှယ်လဲ။
They're usually rather mild.
အများအားဖြင့် ထိုင်းထိုင်းမှိုင်းမှိုင်းပဲ။
Is it raining outside now?
အပြင်မှာ မိုးရွာနေသလား။
Yes. It is and it's quite cold.
ဟုတ်ကဲ့ ရွာနေတယ်၊ တော်တော်လဲ အေးတယ်။
I think I'll stay home today.
ဒီနေ့တော့ အိမ်မှာနေမှုဖြစ်မယ်။
I certainly wish I could too.
ကျွန်တော်လဲ အိမ်မှာနေမယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| outside | (adv) | အပြင်ဘက် (out of doors) |
| rain | (n) | မိုး |
| rain | (v) | မိုးရွာချသည် |
| is raining | - | မိုးရွာသည် |
| rain drop | (n) | မိုးပေါက် |
| rainfall | (n) | မိုးရေချိန် |
| area | (n) | အကျယ်အဝန်း (region) |

| | | |
|---|---|---|
| this area | - | ဒီနေရာ |
| sprinkling | (n) | မိုးဖွဲကလေးများ |
| sprinkle | (v) | မိုးဖွဲရွာသည် (scatter in small drops) |
| sprinkle | (n) | မိုးဖွဲ |
| a few hours ago | - | စောစောက |
| damp | (a) | စိုထိုင်းသော (moist) |
| cold and damp | - | အေးပြီး စိုစွတ်သည် |
| general | (a) | များသော၊ တစ်ခုတစ်လုံးတည်းဖြစ်သော (common) |
| generally | (adv) | များသောအားဖြင့် |
| mild | (a) | ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်သော (drastic) |

# LIVING IN AN APARTMENT
## တိုက်ခန်းနှင့်နေခြင်း

What floor is your apartment on?
ခင်ဗျားအခန်း ဘယ်အထပ်မှာလဲ။
It's on the third floor.
တတိယထပ်မှာ
Is the building a walk up?
အပေါ်ထပ်ကို ခြေလျင်တက်ရသလား။
No. It has small lift?
မတက်ရပါဘူး၊ ဓာတ်လှေကားနဲ့ပါ။
How large is your apartment?
ခင်ဗျားအခန်း ဘယ်လောက်ကျယ်သလဲ။
It has five rooms.
အခန်းငါးခု ရှိပါတယ်။
Then you have two bedroom.
ဒီလိုဆို အိပ်ခန်းနှစ်ခန်း ပါတာပေါ့။
Right. A living room, a kitchen, two bedrooms and a bath.
ဟုတ်ပါတယ်၊ ဧည့်ခန်း, မီးဖိုချောင်, အိပ်ခန်းနှစ်ခန်းနဲ့, ရေချိုးခန်းတစ်ခန်းပါ။

Is this your apartment?
ဒါက ခင်ဗျားအခန်းလား။
Yes, it is.
ဟုတ်ပါတယ်၊ ဒါပါပဲ။
How many bedrooms do you have.
အိပ်ခန်း ဘယ်နှစ်ခန်းပါသလဲ။
Two big ones and one small one.
အကြီးနှစ်ခန်းနဲ့ အသေးတစ်ခန်းပါ။
What's a co-operative apartment?
စုပေါင်းအိမ်ယာဆိုတာ ဘယ်လိုပါလဲ။
In a co-operative, you actually buy the apartment.
စုပေါင်းအိမ်ရာဆိုတာ တစ်တိုက်ထဲက အိမ်ခန်းတွေကို စုပေါင်းဝယ်တဲ့ သဘောပါ။
Just as you would buy a house.
အိမ်တစ်လုံးဝယ်တဲ့သဘောပေါ့။
Yes. Then you only pay maintenance cost each month.
ဟုတ်ပါတယ်၊ လစဉ် ပြင်ဆင်ထိန်းသိမ်းခလောက်ပဲ ပေးဖို့လိုပါတယ်။
Do you like your new apartment?
အခန်းသစ်ကို သဘောကျရဲ့လား။
Yes. I like the service in the building, too.
ဟုတ်ကဲ့၊ ထိန်းသိမ်းပုံကို သဘောကျပါတယ်။
Are there doormen and guards?
အစောင့်များကိုကော။
Yes, and the building is close to the shopping areas.
ဟုတ်ကဲ့၊ သဘောကျပါတယ်၊ ဈေးနဲ့လဲ နီးတယ်လေ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| live | (v) | နေသည် (stay, reside) |
| living room | (n) | ဧည့်ခန်း |
| apartment | (n) | အခန်း၊ ဆက်တွဲနေသည့်အခန်းများ |
| floor | (n) | အထပ် (storey) |
| the third floor | - | တတိယထပ် |
| building | (n) | အဆောက်အဦ |

| | | |
|---|---|---|
| walk | (v) | လမ်းလျှောက်သည် (hike) |
| walk-up | - | ပေါ်တက်သည် |
| lift | (n) | ဓာတ်လှေကား (act of raising) |
| room | (n) | အခန်း (a part of house) |
| bedroom | (n) | အိပ်ခန်း |
| kitchen | (n) | မီးဖိုချောင် |
| a bath-room | - | ရေချိုးခန်းတစ်ခန်း |
| bathe | (v) | ရေချိုးသည် |
| co-operative | (a) | ပူးပေါင်းဆောင်ရွက်သော (helpful) |
| co-operate | (v) | ပူးပေါင်းဆောင်ရွက်သည် (work together) |
| co-operation | (n) | ပူးပေါင်းဆောင်ရွက်ခြင်း |
| maintenance | (n) | ပြင်ဆင်ထိန်းသိမ်းခ |
| serve | (v) | အမှုထမ်းသည် (work for) |
| service | (n) | အကူအညီ၊ အမှုထမ်းခြင်း (work) |
| doormen and guards | - | အစောင့်များ |
| close | (v) | ပိတ်သည် (shut) |
| close | (a) | နီးသော (near) |
| close | (adv) | အနီးတွင် (almost) |
| close | (n) | အပေါက်မရှိသောနေရာ (an inclosed space) |
| shopping area | - | ဈေးနှင့်နီးသောနေရာ |

## VISIT TO MAUNG MAUNG'S HOUSE
## မောင်မောင့်အိမ်သို့ အလည်သွားခြင်း

How did you enjoy your visit to Mg Mg's home?

မောင်မောင်၏အိမ်သွားရတာ သဘောကျရဲ့လား။

Very much indeed, thank you.

အတော်သဘောကျပါတယ်၊ ကျေးဇူးတင်ပါတယ်။

How far is Mg Mg's home?

မောင်မောင့်အိမ် ဘယ်လောက်ဝေးပါသလဲ။

Oh, not very far, it takes you about five minutes to by bus.
အို သိပ်မဝေးပါဘူး၊ ဘတ်စ်ကားစီးမယ်ဆိုရင် ငါးမိနစ်လောက်နဲ့ ရောက်ပါတယ်။
Is it a big house?
အိမ် တော်တော်ကြီးရဲ့လား။
Yes, it is a fairly large house.
ဟုတ်ကဲ့ အိမ်က တော်တော်ကလေး ကျယ်ပါတယ်။
Has it a compound around it?
ပတ်ဝန်းကျင်မှာကော ခြံဝန်းတွေရှိသေးလား။
Yes, there is a large compound and Mg Mg's wife is very fond of gardening.
ဟုတ်ကဲ့၊ အိမ်ပတ်လည်မှာ မြေကျယ်ကျယ်ရှိပါတယ်၊ မောင်မောင်ရဲ့ဇနီးဟာ စိုက်ပျိုးရေး အလွန်ဝါသနာပါသူ ဖြစ်ပါတယ်။
Then there is quite a garden there or is it?
ဒါဖြင့် ဥယျာဉ်ကြီး ရှိမှာပေါ့။
Yes, they have a very pretty garden.
ဟုတ်ကဲ့ အတော်လှပတဲ့ ဥယျာဉ်ပါပဲ။
There are many kinds of roses in their garden.
နှင်းဆီပန်းတွေ စုံလို့ပါပဲ။
How do Mg Mg and his family live?
မောင်မောင်နဲ့ သူ့ရဲ့မိသားစုတွေ ဘယ်လိုနေထိုင်ကြပါသလဲ။
Well, they are a very simple people and they live like true Myannar.
ဟုတ်ကဲ့ သူတို့ဟာ အလွန်ရိုးသားတဲ့သူတွေပါပဲ၊ သူတို့ဟာ တစ်ကယ်ပဲ မြန်မာဆန်ဆန် နေထိုင်ကြတယ်။
But I thought Mg Mg was very westernized.
ဒါပေမယ့် မောင်မောင်ဟာ အလွန်အနောက်တိုင်းဆန်တယ်လို့ ကျွန်တော် ထင်တယ်။
Oh no, he loves to stick to Myanmar customs and ways.
အို မဟုတ်ပါဘူး၊ မောင်မောင်ဟာ မြန်မာဆန်ဆန်ပြုမူတာကိုပဲ နှစ်သက်တယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| visit | (v) | အလည်သွားသည် (go to see) |
| visit | (n) | အလည်သွားခြင်း (act of visiting) |
| visitors | (n) | ဧည့်သည် (guest) |
| enjoy | (v) | ပျော်ရွှင်သည် (delight) |
| enjoyment | (n) | ပျော်ရွှင်ခြင်း (joy, pleasure) |
| indeed | (adv) | အမှန်၊ ဧကန် (certainly, really) |
| far | (a) | ဝေးသော၊ ကွားလှမ်းသော (remote) |
| by bus | - | ဘတ်စ်ကားဖြင့် |
| fairly | (adv) | လှပစွာ၊ မျှတစွာ (preuily, justly) |
| compound | (adv) | ခြံ၊ အဝန်းအဝိုင်း |
| around | (adv) | ပတ်ပတ်လည် |
| be fond of | (a) | နှစ်သက်သည် (be pleased) |
| garden | (n) | ဥယျာဉ် (small park) |
| gardener | (n) | ဥယျာဉ်စိုက်ပျိုးသူ |
| gardening | (n) | ဥယျာဉ်စိုက်ပျိုးခြင်း |
| pretty | (a) | လှပသော (pleasing, fine) |
| roses | (n) | နှင်းဆီပန်း |
| many kinds of roses | - | နှင်းဆီပန်းများ |
| family | (n) | မိသားစု (group consist of parents and their children) |
| live | (v) | နေသည် (reside, stay) |
| true Myanmar | - | မြန်မာဆန်ဆန်၊ မြန်မာစင်စစ် |
| western | (a) | အနောက်တိုင်းဖြစ်သော |
| westernized | (a) | အနောက်တိုင်းဆန်သော |
| hate | (v) | မုန်းတီးသည် (dislike intensely) |
| hate | (n) | မုန်းတီးခြင်း (hatred) |
| custom | (n) | ဓလေ့ထုံးစံ (habit) |
| Myanmar customs and ways | - | မြန်မာဆန်ဆန်အပြုအမူများ |

# CONSENT, PROMISE, ETC
## သဘောတူခြင်း, ကတိပြုခြင်း

I'll take it if you like.
မင်းကြိုက်မယ်ဆိုရင် ကျွန်တော်ယူပါတယ်။
We'll go tomorrow if you have on objection.
မင်း မကန့်ကွက်ဘူးဆိုရင် ကျွန်တော်တို့ မနက်သွားကြမယ်။
I won't go too early, I promise you.
ကျွန်တော် အစောကြီးမသွားကြောင်း ကျွန်တော်ကတိပြုတယ်။
I won't come too early. I promise you.
ကျွန်တော် အစောကြီးမလာကြောင်း ကျွန်တော်ကတိပြုတယ်။
If you are a good boy, you shall have one.
မင်းသာ ကောင်းမွန်တဲ့လူငယ်တစ်ယောက်ဖြစ်ရင် တစ်ခုတော့ရမယ်။
I promise you, you shan't lose by it.
မင်း မဆုံးရှုံးစေရပါဘူး၊ ကျွန်တော် ကတိပြုတယ်။
I'm quite willing to undertake it.
ကျွန်တော် လိုက်လိုက်လှဲလှဲ တာဝန်ယူပါတယ်။
I agree to do it on one condition.
ဒီအချက်ပေါ်မူတည်ပြီး ပြုလုပ်ရန် ကျွန်တော် သဘောတူတယ်။
Will you agree to it?
မင်း သဘောတူသလား။
We are quite ready to accept the offer.
အဆိုပြုချက်ကို လက်ခံရန် ကျွန်တော်တို့ အဆင်သင့်ပါ။
I promise to look after him while you are away.
ကျွန်တော် မင်းမရှိတုန်း သူ့ကို ကြည့်ရှုစောင့်ရှောက်ပေးရန် ကတိပေးပါတယ်။

**Glossary** (အဓိပ္ပါယ်)

consent (v) သဘောတူသည် (agree)
promise (v) ကတိပြုသည် (make a promise)
objection (n) ကန့်ကွက်ခြင်း (disapproval or opposition)
early (adv) စောစွာ (before the usual time)

| | | |
|---|---|---|
| lose | (v) | ဆုံးရှုံးသည် (tail to coin) |
| willing | (a) | ဆန္ဒရှိသော (eager) |
| undertake | (v) | တာဝန်ယူသည် (accept, promise) |
| undertaker | (n) | အာမခံသူ |
| undertaking | (n) | အာမခံချက် (promise, guarantee) |
| agree | (v) | သဘောတူသည် (consent) |
| agreement | (n) | သဘောတူညီမှု (consent) |
| condition | (n) | အခြေအနေ (the present state of things) |
| accept | (v) | လက်ခံသည် (receive) |
| acceptable | (a) | ကျေနပ်ဖွယ်ကောင်းသော |
| acceptance | (n) | လက်ခံယူခြင်း (accepting) |
| offer | (n) | အဆိုပြုချက် |
| offer | (v) | ပေးကမ်းသည် (give, present) |
| offering | (n) | အလှူဝတ္ထုပူဇော်ခြင်း (somthings offered) |
| look after | (v) | ကြည့်ရှုသည် (take care of) |

## HOPE, ESPECTATION, ETC မျှော်လင့်ခြင်း

I hope so.
ကျွန်တော် မျှော်လင့်တယ်။
I hope not.
ကျွန်တော် မမျှော်လင့်ဘူး။
I hope you are enjoying yourself.
မင်း ပျော်ရွှင်မှုနှင့်ပြည့်စုံတယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။
I hope I should see something of you.
ကျွန်တော် မင်းအတွက် ကြည့်ရှုသင့်တယ်လို့ ထင်တယ်။
I hope to see her tomorrow.
ကျွန်တော် မနက်ဖန် သူမကို တွေ့မယ်လို့ မျှော်လင့်ပါတယ်။
I'm expecting to hear from her soon.
ကျွန်တော် သူမထံမှ မကြာခင် ကြားရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

I was hoping to get the news this morning.
ကျွန်တော် ဒီမနက် သတင်းရရှိရန် မျှော်လင့်နေပါတယ်။
I hope she won't be late.
သူမ နောက်မကျဘူးလို့ ကျွန်တော် မျှော်လင့်တယ်။
I do hope it will be all right.
အစစ , အဆင်ပြေမယ်လို့ ကျွန်တော်မျှော်လင့်တယ်။
I sincerely hope so.
ကျွန်တော် လုံးဝယုံကြည်တယ်။
I wonder if we could meet in Yangon.
ကျွန်တော်တို့ ရန်ကုန်မှာ ဆုံကြမလားလို့ မျှော်လင့်တယ်။
I suppose we couldnn't borrow any.
ကျွန်တော်တို့ နည်းနည်းပါးပါးတောင် ချေးလို့ ရမယ်မထင်ဘူး။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| hope | (v) | မျှော်လင့်သည် (expect) |
| expectation | (n) | မျှော်လင့်ခြင်း (hope) |
| expect | (v) | မျှော်လင့်သည် (wish, hope) |
| is expecting | - | မျှော်လင့်သည် (is hoping) |
| hear | (v) | ကြားသည် (listen to) |
| news | (n) | သတင်း (information) |
| newspaper | (n) | သတင်းစာ |
| new | (a) | အသစ်ဖြစ်သော (modern, not old) |
| wonder-if | - | မလားလို့ |
| sincere | (a) | ရိုးသားသော၊ အစစ်အမှန်ဖြစ်သော |
| sincerity | (n) | ရိုးသားခြင်း (honesty) |
| sincerely | (adv) | လုံးဝအစစ်အမှန် (honestly) |
| meet | (v) | တွေ့ဆုံသည် (come across) |
| suppose | (v) | ထင်မြင်ယူဆသည် (imagine, assume) |
| supposed | (a) | ထင်မြင်ယူဆသော (presumed) |
| borrow | (v) | ချေးယူသည် (get something) |

## CERTAINTY အသေအချာ ပြုလုပ်မည့်အကြောင်း ပြောခြင်း

I am certain to do it.
ကျွန်တော် လုပ်မှာသေချာပါတယ်။
I shall certainly do it.
ကျွန်တော် သေသေချာချာပြုလုပ်မယ်။
I am sure to do it.
ကျွန်တော် တစ်ကယ်လုပ်မှာပါ။
I am bound to do it.
ကျွန်တော် လုပ်ရမှာပဲ။
I am certain I shall do it.
ကျွန်တော်လုပ်ရမှာ တစ်ကယ်သေချာပါတယ်။
I am sure I shall do it.
ကျွန်တော် ဆောင်ရွက်ရမှာ အမှန်ဖြစ်ပါတယ်။
I know I shall do it.
ဆောင်ရွက်ရမယ်ဆိုတာ ကျွန်တော်သိတယ်။
It's absolutely certain.
သည်ဟာ တစ်ကယ်ကို သေချာပါတယ်။
There's no doubt about it.
သံသယဖြစ်စရာ မရှိပါဘူး။
It must be.
ဖြစ်ရမယ်။
It can't be otherwise.
တခြားဟာ မဖြစ်နိုင်ဘူး။
There are no two opinions about it.
သည်အတွက် အကြံဉာဏ် နှစ်ခုမရှိပါဘူး။
It's a fact.
ဒါ အချက်ပဲ။
You may take it as absolute fact.
တစ်ကယ့်အချက်တစ်ခုအနေနဲ့ မင်း ယူဆနိုင်ပါတယ်။
There is no question about it.
ဒါနဲ့ ပတ်သက်လို့ မေးစရာ မရှိပါဘူး။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| certainty | (a) | သေချာခြင်း (sure fact) |
| certain | (a) | သေချာသော (sure) |
| certainly | (adv) | သေချာစွာ (surely) |
| sure | (a) | သေချာသော (certain, confident) |
| surely | (adv) | ကျိန်းသေ (certainly) |
| bound | (a) | သေချာသော (sure, certain) |
| abosultely | (adv) | ပြည့်ပြည့်စုံစုံ (completely) |
| doubt | (n) | သံသယ (uncertainty) |
| doubt | (v) | သံသယရှိသည် (suspect) |
| otherwise | (adv) | တစ်နည်းအားဖြင့်၊ သို့မဟုတ်လျှင် |
| opinion | (n) | ထင်မြင်ချက်၊ အကြံဉာဏ် |
| fact | (n) | အချက်အလက်၊ အကြောင်းအရာ (knownto be true) |

## CONFESSIONS OF IGNORANCE
## မသိနားမလည်ခြင်း

I don't know.
ကျွန်တော် မသိဘူး။ ( ကျွန်တော် မသိပါ)
I really don't quite know.
ကျွန်တော် တစ်ကယ်ပဲ သေသေချာချာ မသိဘူး။
I don't quite know.
ကျွန်တော် လုံးဝမသိဘူး။
I must confess I don't know.
ကျွန်တော် မသိကြောင်း ဝန်ခံရမယ်။
I'm afraid I can't tell you.
ကျွန်တော် မင်းကို မပြောနိုင်မှာ စိုးရိမ်တယ်။
I really can't tell you.
ကျွန်တော် တစ်ကယ်ပဲ မင်းကို မပြောပြနိုင်ဘူး။

I haven't the slightest idea.
ကျွန်တော့်မှာ အကြံဉာဏ် အနည်းငယ်မျှ မရှိ။
I really haven't the faintest idea.
ကျွန်တော့်မှာ အကြံဉာဏ် ရေးရေးမျှ မရှိ။
I don't know anything about it.
သည်အကြောင်း နည်းနည်းမှ ကျွန်တော်မသိဘူး။
I don't know anymore than you do.
မင်း သိတာထက် ကျွန်တော် ပိုမသိပါဘူး။
I'm quite in the dark about it.
ဒါနဲ့ ပတ်သက်လို့ ကျွန်တော်ဘာမှ မသိပါဘူး။
I wasn't aware of it.
ကျွန်တော် ဒါကို ဂရုမပြုပါဘူး။
I didn't know that?
ဒါလဲ ကျွန်တော် မသိရပါလား။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| confess | (v) | ဝန်ခံသည် (admit) |
| confessor | (n) | အပြစ်ဝန်ခံသူ (a person who confesses) |
| confession | (n) | ဝန်ခံခြင်း (confessing) |
| ignorant | (a) | အသိပညာကင်းမဲ့ခြင်း၊ မသိနားမလည်ခြင်း (knowing little) |
| slight | (a) | သေးငယ်သော၊ အရေးမပါသော (small) |
| the faintest idea | - | အကြံဉာဏ်အနည်းငယ် |
| faint | (a) | အားနည်းသော၊ မှေးမှိန်သော (dim, weak) |
| the faintest idea | - | အကြံဉာဏ် ရေးရေးမျှ |
| idea | (n) | စိတ်ကူး၊ အကြံဉာဏ် (plan, opinion) |
| quite | (adv) | လုံးဝ၊ အမှန်တကယ် (completely) |
| dark | (a) | မှောင်သော (without light) |
| dark | (n) | အမှောင်၊ အမဲကွက်၊ အမဲရောင် (absent of light) |
| darken | (v) | မှောင်စေသည် (make dark) |
| darkly | (adv) | မထင်မရှား (dimly) |
| aware | (n) | စောင့်လျက်၊ သတိထားလျက် (conscious of) |

# IMPOSSIBLITY မဖြစ်နိုင်ခြင်း

It's quite impossible.
ဒါ လုံးလုံး မဖြစ်နိုင်ဘူး။
It's absolutely impossible.
ဒါ လုံးဝမဖြစ်နိုင်ဘူး။
It simply can't be.
ဒါ မဖြစ်နိုင်တာပဲ။
it simply couldn't be.
ဒါ မဖြစ်နိုင်ဘူး။
I can't do it.
ဒါကို ကျွန်တော် မလုပ်နိုင်ပါ။
I'm not able to do it.
ဒါကို ကျွန်တော်လုပ်နိုင်တဲ့ အရည်အချင်း မရှိပါ။
It can't be done.
ဒါ ပြီးဆုံးခြင်းကို မရောက်နိုင်ပါဘူး။
It isn't possible.
ဒီဟာ မဖြစ်နိုင်ပါဘူး။
There's not the faintest possibility.
ဖြစ်နိုင်မယ့် အရိပ်အယောင် နည်းနည်းမှ မရှိဘူး။
It's out of the quesiton.
မေးခွန်းဘောင်အတွင်းမှာ မဟုတ်ဘူး။
That's asking too much.
သိပ် အမေးထူလွန်းတယ်။
I couldn't possibly do it.
ဒါကို ကျွန်တော် ပြုလုပ်ရန် မဖြစ်နိုင်ပါ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| impossible | (a) | မဖြစ်နိုင်သော (not possible) |
| impossibility | (n) | မဖြစ်နိုင်ခြင်း |
| simly | (adv) | လုံးလုံးလျားလျား (absolutely) |
| simple | (a) | လွယ်ကူသော (plain, easy) |
| simple-minded | (a) | အတွေ့အကြုံမရှိသော (unexperienced) |
| simpleton | (n) | လူရိုး,လူအ (silly person) |
| simplicity | (n) | ရိုးသားခြင်း (being simple) |
| simplify | (v) | ရှင်းအောင်လုပ်သည် (make simpler) |

# POSSIBILITY, PROBABILITY
# ဖြစ်နိုင်ခြင်း

Perhaps.
ဖြစ်နိုင်ပါလိမ့်မယ်။
Perhaps so.
ဖြစ်နိုင်စရာ အကြောင်းရှိပါတယ်။
Perhaps he will.
သူ လုပ်နိုင်မယ့်အကြောင်း ရှိပါတယ်။
Perhaps, perhaps not.
မဖြစ်နိုင်ပါဘူး။
May be.
ဖြစ်ပါလိမ့်မယ်။
He may. He may be.
သူ ဖြစ်လိမ့်မယ်၊ သူ ဖြစ်ပါလိမ့်မယ်။
He might. He might be.
သူ ဖြစ်နိုင်ပါလိမ့်မယ်။
It's quite likely.
အတော်ဖြစ်နိုင်ပါတယ်။
Possibly.
ဖြစ်နိုင်ပါတယ်။

Probable.
ဖြစ်နိုင်စရာ ရှိပါတယ်။
It's quite possible.
အတော် ဖြစ်နိုင်ပါတယ်။
It's quite probable.
အတော်ဖြစ်စရာ အကြောင်းရှိပါတယ်။
I dear say.
ကျွန်တော် ပြောရဲပါတယ်။
I shouldn't be surprised.
မအံ့သြသင့်ဘူး။
I shouldn't be at all surprised.
ကျွန်တော် လုံးလုံးလျားလျား အံ့သြခြင်း မရှိပါဘူး။

**Glossary** (အဓိပ္ပါယ်)

| | | |
|---|---|---|
| possibility | (n) | ဖြစ်တန်ရာခြင်း (the state of being possible) |
| possible | (a) | ဖြစ်နိုင်သော (may happen exist) |
| possibly | (adv) | ဖြစ်ကောင်းဖြစ်လျက် (perhaps) |
| probility | (n) | ဖြစ်ရန်ရှိခြင်း (likelyhood) |
| probable | (a) | ယုတ္တိရှိသော (likely to exist) |
| probably | (adv) | ယုတ္တိရှိလျက် (likely) |
| perhaps | (adv) | ဖြစ်နိုင်ပါလိမ့်မယ် (possibly) |
| likely | (a) | ဖြစ်နိုင်စရာရှိသော (probable) |
| likely | (adv) | ဖြစ်နိုင်စရာအကြောင်းရှိလျက် (probably) |
| dare | (v) | ရဲသည် (challenge, defy) |
| daring | (a) | ရဲဝံ့သော (bold, adventurous) |
| dare-devil | (a) | မိုက်ရူးရဲ (reckless person) |
| surprise | (v) | အံ့အားသင့်သည် (astonish) |
| surprise | (n) | အံ့သြခြင်း (astonishment) |
| surprise | (a) | အံ့အားသင့်သော (expressing surprise) |

# EXPRESSIONS OF AGREEMENT
## သဘောတူညီခြင်း

Yes, I quite agree with you.
ဟုတ်ကဲ့ မင်းပြောတာ ကျွန်တော် သဘောတူတယ်။
Yes, just so.
ဟုတ်တာပေါ့။
Certainly, quite true.
သေချာတာပေါ့၊ မှန်တာပေါ့။
Quite so. I think you are right.
ဟုတ်တာပေါ့၊ မင်းပြောတာမှန်တယ်။
Well, yes. You're quite right there.
ဟုတ်ကဲ့ မင်းဆိုလိုတာ မှန်တယ်။
Why, yes. That's just what I think.
ဟုတ်ပါတယ်၊ အဲဒါ ကျွန်တော်ထင်တဲ့ အတိုင်းပဲ။
That's just what I've always said.
ဒါ ကျွန်တော် အမြဲပြောနေတာလေ။
That's just what I was going to say.
အဲဒါ ကျွန်တော် ပြောမလို့ပေါ့။
I think so.
ကျွန်တော် ထင်သားပဲ။
That's my opinion too.
ဒါ ကျွန်တော် အထင်ပဲ။
There's no doubt about it.
အဲဒါ သံသယဖြစ်စရာ မရှိပါဘူး။

**Glossary** (အဓိပ္ပါယ်)

| | | |
|---|---|---|
| agree | (v) | သဘောတူသည် (consent) |
| agreement | (n) | သဘောတူခြင်း (consent) |
| agreeable | (a) | သဘောတူသော (willing to consent) |
| express | (v) | ဖော်ပြသည် (represent, speak) |
| expression | (n) | ဖော်ပြချက် (saying, representation) |
| true | (a) | ဟုတ်မှန်သော (correct, not false) |

| | | |
|---|---|---|
| true | (v) | မှန်အောင်လုပ်သည် (make true) |
| true | (adv) | မှန်မှန်ကန်ကန် |
| truely | (adv) | မှန်မှန်ကန်ကန်၊ အမှန်အတိုင်း (correctly) |
| certain | (a) | သေချာသော (sure) |
| certainly | (adv) | သေချာစွာ (surely) |
| opinion | (n) | ယုံကြည်ထင်မြင်ချက် (belief, estimation) |

## EXPRESSIONS OF DISAGREEMENT
## သဘောကွဲလွဲခြင်း

I don't agree with you.
မင်းနှင့် ကျွန်တော် သဘောတူညီမှု မရှိပါ။
Well, I don't quite agree with you.
မင်းနှင့်ကျွန်တော် လုံးလုံးသဘောတူမှု မရှိပါ။
Well, no. I don't think you are right there.
ကောင်းပြီလေ၊ မဟုတ်ဖူး၊ မင်းပြောတာ ဒီနေရာမှားတယ်။
Oh, no. That's where I disagree with you.
မဟုတ်ဖူး၊ အဲဒီအချက်မှာ မင်းနှင့် ကျွန်တော် သဘောကွဲတယ်။
Yes, but I rather doubt that.
ဟုတ်ကဲ့၊ ဒါပေမယ့် ကျွန်တော်တော့ အတော်ကလေး သင်္ကာမကင်းဖြစ်မိတယ်။
I can't say I agree with you.
ခင်ဗျားနှင့်ကျွန်တော် သဘောချင်း ကိုက်ညီတယ်လို့ မဆိုနိုင်ဘူး။
I'm afraid you are mistaken there.
ကျွန်တော်တော့ ခင်ဗျားအထင်လွဲနေမှာ စိုးတယ်။
That's where you make a mistake.
ခင်ဗျားမှားတာ အဲဒါပေါ့။
I'm afraid that's where we must agree to differ.
ကျွန်တော် ဒီနေရာမှာ သဘောကွဲလွဲမှာ စိုးရိမ်တယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| expression | (n) | ဖော်ပြချက် (representation) |
| agreement | (n) | သဘောတူခြင်း (consent) |
| disagreement | (n) | သဘောမတူခြင်း၊ သဘောကွဲလွဲခြင်း (quarrel) |
| rather | (adv) | တော်တော်၊ အတော် (willingly) |
| agree with | - | သဘောတူသည် (consent) |
| mistake | (n) | မှားယွင်းခြင်း (error, blunder) |
| mistake | (v) | မှားယွင်းသည် (misunderstand) |
| mistaken | (a) | မှားယွင်းသော (wrong) |
| differ | (v) | ကွဲပြားသည် (disagree, be unlike) |
| difference | (n) | ကွဲပြားခြင်း (being different) |
| different | (a) | ကွဲပြားသော (mot alike separate) |
| differently | (adv) | ကွဲပြားလျက် (separetely) |

## TO SAY THAT SOMETHING ISN'T IMPORTANT
## အရေးမကြီးကြောင်း ပြောခြင်း

It doesn't matter.

ဒါ အရေးမကြီးပါဘူး။

It really doesn't matter.

ဒါ တစ်ကယ် အရေးမကြီးပါဘူး။

It doesn't matter in the least.

ဒါ နဲနဲမှ အရေးမကြီးပါဘူး။

It really doesn't matter at all.

ဒါ လုံးဝ အရေးမကြီးပါဘူး။

Never mind: Never mind.

ကိစ္စ မရှိပါဘူး။

Never mind about that.

သည်ကိစ္စအတွက် အသာထားလိုက်ပါ။

I don't mind in the least.
ကျွန်တော် အနည်းငယ်မျှ ဂရုမစိုက်ပါဘူး။
I assure you I don't mind in the least.
နဲနဲမှ ဂရုမစိုက်ဘူးဆိုတာ ကျွန်တော်ပြောရဲတယ်။
I really don't mind at all.
တစ်ကယ်ပါ ကျွန်တော် နဲနဲမှ ဂရုမစိုက်ပါဘူး။
Don't trouble about that.
သည်အတွက် ဒုက္ခမရှာပါနဲ့။
Don't worry about that.
သည်အတွက် စိတ်မပူပါနဲ့။
Don't let that worry you.
မင်းသည်အတွက် စိတ်မပူပါနဲ့။
Don't let a little thing like that worry you.
အသေးအဖွဲကိစ္စနဲ့ ခေါင်းအရှုပ်မခံပါနဲ့။
I shouldn't worry about that if I were you.
ခင်ဗျားအစား ကျွန်တော်သာဆိုရင် စိတ်အရှုပ်မခံဘူး။
It make on difference whatever.
ဘာဖြစ်ဖြစ် မထူးခြားပါဘူး။
It really makes no difference at all to me.
ကျွန်တော့်အတွက်တော့ ဘာမှ ထူးခြားမလာပါဘူး။
It really doesn't make the slightest difference to me.
ကျွန်တော့်အတွက် နည်းနည်းလေးမှ မထူးခြားပါဘူး။
It doesn't make a scrap of difference.
နည်းနည်းလေးမှ မထူးခြားပါဘူး။
It's not of the least consequence.
ဒါ အကြောင်းအရာ နည်းနည်းလေးမှ မဟုတ်ဘူး။

**Glossary** (အဓိပ္ပါယ်)

| | | |
|---|---|---|
| important | (a) | အရေးကြီးသော (seeming important) |
| importance | (n) | အရေးပါအရာရောက်ခြင်း (being important) |
| matter | (n) | အရေးကြီးခြင်း (importance) |
| least | (a) | အနည်းဆုံးဖြစ်သော (smallest) |
| least | (n) | အနည်းဆုံးအရေအတွက် (least amount) |

မျက် ၄ ငုံ ၈ ၁ ၆ ၀

| | | |
|---|---|---|
| least | (adv) | အနည်းဆုံးအတိုင်းအတာ (to the least extent) |

never mind, don't worry! - ကိစ္စမရှိပါဘူး (don't trouble about it)

| | | |
|---|---|---|
| trouble | (v) | ဒုက္ခရောက်စေသည် (cause distress or worry) |
| trouble | (n) | ဒုက္ခရောက်ခြင်း (distress, worry) |
| let | (v) | ပါရစေ၊ ခွင့်ပြုသည် (allow, permit) |
| worry | (v) | စိတ်ပူသည် (feel anxious) |
| worry | (n) | ပူပန်သောက (anxiety) |
| scrap | (n) | အစအနဖြစ်အောင်လုပ်သည်၊ ဘေးဖယ်ထားသည် (small part, left over) |
| consequence | (n) | အကျိုးအကြောင်း (effect,result) |

## SUGGESTION အကြံပေးစကားများ

Shall I open the window?
ပြတင်းပေါက် ဖွင့်ပါရစေ။
Let me do it.
ကျွန်တော့်ကို အဲဒါလုပ်ခွင့်ပြုပါ။
Shall we go together?
ကျွန်တော်တို့ အတူတကွ သွားကြရအောင်။
Let's change the subject.
အကြောင်းအရာ ပြောင်းကြစို့။
Don't let us talk about it any more.
ကျွန်တော်တို့ ဒီအကြောင်းအရာကို ပြောဆိုခြင်းမှ ရပ်ကြပါစို့။
Hadn't you better make haste?
ခင်ဗျား မြန်မြန်လုပ်ရင် မကောင်းဘူးလား။
You had better mind what you say.
ခင်ဗျား ပြောတာတွေကို သတိပြုဖို့ ကောင်းတယ်။
Would you like to try?
ခင်ဗျား စမ်းကြည့်ချင်ပါသလား။
Would you like me to start at once?
ခင်ဗျား ကျွန်တော့်ကို ချက်ချင်းစ၍ လုပ်စေချင်ပါသလား။

Would you care to do it?
သည်လိုလုပ်ဖို့ ခင်ဗျား ဝန်လေးပါသလား။
I don't think you should go now.
ယခု ခင်ဗျား သွားနိုင်မယ် မထင်ဘူး။
Why not tomorrow?
မနက်ဖန်ကော ဘယ့်နှဲ့လဲ။
What would you say to learning it at present?
အဲဒါကို ခုထားခဲ့ရင် ခင်ဗျား ဘာပြောမလဲ။
What about meeting me here?
ကျွန်တော့်ကို သည်နေရာမှာ တွေ့ဖို့ ဘယ်လိုသဘောရသလဲ။
Let's go some where and have a drink?
တနေရာရာသွားပြီး တစ်ခုခုသောက်ကြရအောင်။
What about a cocktail?
အရက် သောက်ကြရင် မကောင်းဘူးလား။
What do you say to having lunch?
နေ့လယ်စာစားကြမယ်၊ ဘာပြောလိုပါသေးသလဲ။
Why not have lunch with me?
ဘာကြောင့် ကျွန်တော်နဲ့ နေ့လယ်စာ မစားနိုင်ပါသလဲ။
How would it be if you were to write to him?
ခင်ဗျား သူ့ထံ စာရေးရရင် ဘယ်လိုနေမလဲ။
Suppose I telephone to you.
ကျွန်တော် ခင်ဗျားကို တယ်လီဖုန်းဆက်ရင် ဖြစ်တယ်။
Suppose you ring me up.
ခင်ဗျား ကျွန်တော့်ကို တယ်လီဖုန်းဆက်ခေါ်ရင် ရတယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| suggestion | (n) | အကြံပေးခြင်း (proposal) |
| suggest | (v) | အကြံပေးသည် (propose) |
| open | (a) | ပွင့်နေသော (not closed) |
| open | (v) | ဖွင့်သည်၊ ရှင်းသည်၊ အစပြုသည် (make open) |
| change | (v) | ပြောင်းလဲသည် (make different, alter) |
| subject | (n) | အကြောင်းအရာ (topic) |

| | | |
|---|---|---|
| haste | (n) | လျင်မြန်ခြင်း (urgency, hurry) |
| hasten | (v) | လျင်မြန်သည် (rush, hurry) |
| at present | - | ယခု (now) |
| at once | - | ချက်ခြင်း (immediately) |
| somewhere | (adv) | တစ်နေရာရာ (in ome place) |
| cocktail | (n) | ရောစပ်ထားသောအရက် |
| suppose | (v) | တွေးဆမှတ်ယူသည် (imagine, assume) |
| supposed | (a) | ထင်မြင်ယူဆသော (presume) |
| supposing | (conj) | အကယ်တန္တ (supposing that, if) |
| telephone | (n) | စကားပြောကြေးနန်းတယ်လီဖုန်း |
| telephone | (v) | တယ်လီဖုန်းဖြင့် စကားပြောသည် (talk by telephone) |

## INTERIOR DURATION အချိန်ကြာခဲ့ပုံကို ပြောခြင်း

How long have you been here?

မင်း ဒီရောက်တာ ဘယ်လောက်ကြာပြီလဲ။

Have you been here long?

မင်း ဒီမှာ ကြာပြီလား။

How long have you been doing that?

မင်း ဒါလုပ်နေတာ ဘယ်လောက်ကြာပြီလဲ။

I hope you haven't been waiting long.

မင်း စောင့်နေတာ မကြာလေးဘူးလို့ ကျွန်တော်ထင်တယ်။

I have been here two weeks.

ကျွန်တော် ဒီမှာ နှစ်ပတ်ရှိပါပြီ။

I've been here quite a long time.

ကျွန်တော် ဒီမှာရောက်နေတာ အတော်ကြာပြီ။

I've been doing this for sometime.

ကျွန်တော် ဒါလုပ်နေတာ အချိန်အတော်ကြာပြီ။

I've been waiting for you (for) nearly an hour.

ကျွန်တော် မင်းကိုစောင့်နေတာ တစ်နာရီနီးပါးရှိပြီ။

I have been waiting for you since two o'clock.

ကျွန်တော် နှစ်နာရီထဲက မင်းကို စောင့်နေတာ။

I've been doing this sort of thing for the last month.

လွန်ခဲ့တဲ့လထဲက ကျွန်တော် ဒီအလုပ်လုပ်နေတာ။

I haven't seen him for a long time.

ကျွန်တော် သူ့ကို မတွေ့တာ အတော်ကြာနေပြီ။

I must be quite a year since I saw him last.

ကျွန်တော်သူ့ကို တွေ့ခဲ့တာ တစ်နှစ်လောက်ရှိရမယ်။

It does seem a long time since you were here last.

မင်း နောက်ဆုံးနေသွားတဲ့အချိန်ကစပြီး ယနေ့အထိဆို အတော်ကြာခဲ့ပြီလို့ ထင်ရတယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| anterior | (a) | အလျင်ကျသော (fonner) |
| duration | (n) | ကာလကြာရှည်ခြင်း (length of time) |
| How long | - | အချိန်ဘယ်လောက်ကြာကြာ (time) |
| a long time | - | အချိန်အတော်ကြာ |
| nearly an hour | - | တစ်နာရီနီးပါး |
| wait | (v) | စောင့်သည် (stay where one is) |
| is waiting | - | စောင့်သည် (is staying) |
| since two o'clock | - | နှစ်နာရီကတည်းက |
| seer | (n) | အနာဂတ်ကိုဟောနိုင်သူ (prophet) |
| last month | - | လွန်ခဲ့တဲ့လ,က |
| seen | (v) | မြင်ခဲ့သည် (appear) |
| seeming | (a) | သဏ္ဍာန်ရှိသည် (appearent) |
| seemly | (a) | ပုံပန်းလက္ခဏာရှိသော (suitable) |

# OPINION, BELIEF, DOUBT (ETC)
## သဘောထားကို ပြောခြင်း

I think so.
ကျွန်တော် စဉ်းစားမိတယ်။
I don't think so.
ကျွန်တော် မထင်ဘူး။
I think he will come tomorrow.
မနက်ဖန် သူ လာမယ်လို့ ကျွန်တော် ထင်တယ်။
I don't think he'll come tomorrow.
မနက်ဖန် သူ လာမယ်လို့ ကျွန်တော် မထင်ဘူး။
I thought she was here.
သူမ ဒီရောက်နေမယ်လို့ ကျွန်တော်ထင်တယ်။
I don't think he was here.
သူ ဒီရောက်နေမယ်လို့ ကျွန်တော် မထင်ဘူး။
I believe so.
ကျွန်တော် ယုံကြည်တယ်။
I don't believe so.
ကျွန်တော် မယုံပါဘူး။
I believe he is coming back.
သူ ပြန်လာမယ်လို့ ကျွန်တော်ယုံတယ်။
I don't believe he's coming back.
သူ ပြန်လာမယ်လို့ ကျွန်တော်မထင်ဘူး။
I expect so. or I expect so.
ကျွန်တော် အထင်သားပဲ။
I don't expect so.
ကျွန်တော် မမျှော်လင့်ပါဘူး။
I expect he will come tomorrow.
သူ မနက်ဖန် လာမယ်လို့ ကျွန်တော်မျှော်လင့်တယ်။
That's just what I expected he would do.
သူ အဲသလို လုပ်မယ်လို့ ကျွန်တော် အထင်သားပဲ။

I hardly expected he would come.
သူ လာမယ်လို့ ကျွန်တော် မထင်ပါဘူး။
I suppose so.
ကျွန်တော် ဒီလိုပဲ ထင်တယ်။
I don't suppose so, or I don't suppose so.
ကျွန်တော် ဒီလို မထင်ပါဘူး။
I suppose he is too busy.
သူ သိပ်အလုပ်များနေတယ် ထင်တယ်။
I don't suppose there will be any more trouble now.
အခက်အခဲတွေ ယခုအချိန်မှာ ရှိနေမယ်လို့ ကျွန်တော်မထင်ဘူး။
I fancy so.
ကျွန်တော် တွေးထင်မိတယ်။
I don't fancy so.
ကျွန်တော် မထင်ပါဘူး။
I fancy it's going to rain.
မိုးရွာတော့မယ်လို့ ကျွန်တော်ထင်တယ်။
Rather fancied he was going to stay.
သူ နေလိမ့်ဦးမယ်လို့ ကျွန်တော် ပြောရပါတယ်။
I dare say it will be all right.
အဆင်ပြေသွားမယ်လို့ ကျွန်တော် ပြောရပါတယ်။
I doubt whether he'll come now.
သူ အခုလာပါ့မလားလို့ ကျွန်တော် သံသယဖြစ်မိတယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| opinion | (n) | ထင်မြင်ချက် (belief, view) |
| believe | (v) | ယုံကြည်သည် (accept, assume) |
| belief | (n) | ယုံကြည်ချက် (trust, opinion) |
| doubt | (v) | သံသယရှိသည် (suspect, not believe) |
| doubt | (n) | သံသယ (uncertainty) |
| think | (v) | တွေးထင်သည် (believe, consider) |
| thought | (v) | တွေးထင်ခဲ့သည် (considered) |
| expect | (v) | မျှော်လင့်သည် (hope) |

| | | |
|---|---|---|
| expectation | (n) | မျှော်လင့်ခြင်း (act of expecting) |
| suppose | (v) | တွေးဆမှတ်ယူသည်၊ တွေးထင်သည် (assume, imagine) |
| trouble | (v) | ဒုက္ခရောက်စေသည် (bother, annoy) |
| trouble | (n) | ဒုက္ခ (disturbance, distress) |
| is coming back | - | ပြန်လာသည် |
| fancy | (v) | တွေးထင်သည် (imagine) |
| fancy | (n) | စိတ်ကူးယဉ် (imagination) |
| fancy dress | (n) | ထူးဆန်းလှပအောင် ဖန်တီးထားသောအဝတ် |
| fancy fair | (n) | အလှူအတန်း ဘာသာရေးကိစ္စအတွက် အလှူပစ္စည်းများ ရောင်းချသည့်ဈေး |

## DISBELIEF INCREDULITY မယုံနိုင်ခြင်း

I don't believe it.
ဒါကို ကျွန်တော် မယုံပါဘူး။
I can't believe it.
ထိုဟာကို ကျွန်တော် မယုံကြည်နိုင်ပါ။
It can't be true.
ဒါ မမှန်နိုင်ပါဘူး။
You really can't expect me to believe that.
ကျွန်တော် တစ်ကယ်ယုံကြည်လိမ့်မယ်လို့ မင်း မမျှော်လင့်ပါနဲ့။
I haven't faith in it.
သည်အပေါ်မှာ ကျွန်တော် ယုံကြည်စိတ်မရှိဘူး။
Surely you don't think I'm going to believe that.
ကျွန်တော် ယုံကြည်လိမ့်မယ်လို့ မင်း မထင်မှာ အမှန်ပဲ။
I doubt it.
ကျွန်တော် သံသယဖြစ်တယ်။
I doubt it, very much.
ကျွန်တော် ဒီအပေါ်မှာ သံသယအများကြီး ဖြစ်မိတယ်။

I don't think so.

ကျွန်တော် ဒီလိုမထင်ဘူး။

It's impossible for me to believe it.

ဒါကို ယုံကြည်လို့ မဖြစ်နိုင်ပါဘူး။

It's most unlikely.

ဒီဟာ မဖြစ်နိုင်ပါဘူး။

I'm sure it isn't the case.

ဒီဟာ အကြောင်းမဟုတ်ဘူးလို့ ကျွန်တော် ပြောရဲပါတယ်။

What nonsense.

မဟုတ်တာပဲ။ ( အဓိပ္ပာယ်မရှိတာပဲ )

I don't believe a word of it.

ဒီစကားကို ကျွန်တော် လုံးဝမယုံဘူး။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| disbelief | (n) | မယုံကြည်ခြင်း (lack of belief) |
| incredulity | (n) | မယုံကြည်ခြင်း (lack of belief) |
| incredulous | (a) | မယုံကြည်သော (showing a lack of belief) |
| faith | (n) | ယုံကြည်ခြင်း (trust, confidence) |
| faithful | (a) | ယုံကြည်သော၊ သစ္စာရှိသော (loyal, believing) |
| faithfully | (adv) | သစ္စာရှိစွာ၊ ရိုးဖြောင့်စွာ (with confidence) |
| surely | (adv) | မချွတ်မလွဲ (certainly) |
| sure | (a) | ကျိန်းသေဖြစ်သော (confident, certain) |
| surety | (n) | အာမခံခြင်း၊ အာမခံပစ္စည်း (certainty) |
| unlike | (a) | မတူသော၊ ကွဲပြားခြားနားသော (not like, different) |
| unlikely | (a) | မဖြစ်တန်ရာသော၊ ယုတ္တိမရှိသော (not likely) |
| case | (n) | အမှုအခင်း၊ အခြေအနေ |
| nonsense | (n) | အဓိပ္ပာယ်မရှိသောစကား (meaningless) |
| word | (n) | စကားလုံး၊ သုံးနှုန်းသည့်စကား (unit of spoken language) |

# TO EXPRESS THANKS
# ကျေးဇူးတင်ကြောင်း ပြောခြင်း

Thank you. Thanks . Many thanks.
ကျေးဇူးတင်တယ်၊ ကျေးဇူးပဲ၊ ကျေးဇူးအများကြီးတင်တယ်။
Oh, thank you. Thank you so much.
အို . . . ကျေးဇူးတင်ပါတယ်၊ ကျေးဇူးအများကြီးတင်တယ်။
Thank very much. Thank you very much.
သိပ်ကျေးဇူးတင်တာပဲ၊ မင်းကို ကျေးဇူးအများကြီးတင်တယ်။
Oh, thanks awfully. Thanks very much indeed.
အို . . . မင်းကို တစ်ကယ်ပဲ ကျေးဇူးတင်တယ်ကွာ။
I'm very much obliged to you. Much obliged.
ကျွန်တော် မင်းကို အလွန်ကျေးဇူးတင်ပါတယ်။
I'm really very grateful to you.
ကျွန်တော် တစ်ကယ်ပဲ ကျေးဇူးတင်တယ်။
It's very kind of you.
အလွန် ကြင်နာလှပေတယ်။
It's really awfully kind of you.
တစ်ကယ်ကို ကြင်နာစိတ် ရှိတဲ့လူပါ။
It is kind of you. It is good of you.
ကြင်နာလှပါတယ်၊ ကောင်းမွန်လှပါတယ်။
It's most thoughtful of you.
စဉ်းစားတတ်ပေတယ်။
I don't know how I can thank you enough.
ကျွန်တော် မင်းကို ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး။
You are kind.
မင်းဟာ ကြင်နာတတ်သူပါ။
I'm really very much indebted to you.
ကျွန်တော်မှာ မင်းရဲ့ကျေးဇူးတွေ အများကြီးရှိတယ်။
I don't know what I should have done without your help.
ကျွန်တော် မင်းရဲ့အကူအညီမပါပဲ ဘာလုပ်ရမှန်းမသိဘူး။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| Express | (v) | ဖော်ပြသည် (represent) |
| thank | (v) | ကျေးဇူးတင်ကြောင်းပြောသည် (express, gratitude) |
| thanks | (n) | ကျေးဇူးစကား |
| awfully | (adv) | အလွန် (extremely) |
| indeed | (adv) | အမှန်၊ တကယ် (certainly, in fact) |
| obliged | (a) | ကျေးဇူးတင်သော (grateful) |
| obliging | (a) | ကျေးဇူးပြုတတ်သော (kind, grateful) |
| grateful | (a) | ကျေးဇူးတင်သော (thankful) |
| gratefully | (adv) | ကျေးဇူးတင်စွာ (thankfully) |
| thoughtful | (a) | စဉ်းစားတတ်သော (full of thought) |
| indebted | (a) | ကျေးဇူးမကင်းသော (gratitude) |
| help | (n) | အကူအညီ (aid, assistance) |
| help | (v) | ကူညီသည် |
| helpers | (n) | ကူညီသူများ (person who helps) |

မျက်ပွင့်၁၁၆၀

# GENERAL CONVERSATION (1)
# အထွေထွေ စကားပြောခန်း (၁)

Where are you born?

ခင်ဗျား ဘယ်မှာမွေးသလဲ။

I was born here.

ဒီမှာ မွေးတာပေါ့။

Have you live here all your life?

တစ်သက်လုံး ဒီမှာပဲ နေခဲ့တာပဲလား။

Yes. I have.

ဟုတ်ပါတယ်၊ ဒီမှာပဲ နေခဲ့ပါတယ်။

Whom will you get the money from?

မင်း ဘယ်သူ့ဆီက ငွေရသလဲ။

I'll get it from our parents.

ကျွန်တော့်မိဘများဆီက ရပါတယ်။

What will you spend the money on?

ရတဲ့ငွေကို ဘာအတွက် သုံးသလဲ။

I'll spend it on books and supplies.

စာအုပ်များနှင့် အသုံးအဆောင်ပစ္စည်းများအတွက် သုံးပါတယ်။

Do you want me to wait for you?

ငါ မင်းကို စောင့်ရဦးမှာလား။

No, I can take care of everything myself.

မစောင့်နဲ့၊ ငါ့ဖာသာ ငါ ဖြစ်ပါတယ်။

Can't we get together a little later then?

ဒီလိုဆို ဒါပြီးရင် တို့မတွေ့နိုင်ကြတော့ဘူးလား။

Sure I'll be through in about half an hour.

တွေ့ကြမယ်လေ၊ နာရီဝက်လောက်ကြာရင် ပြီးသွားမှာပါ။

What took you so long?

ဘာဖြစ်လို့ ဒါလောက်ကြာနေတာလဲ။

I had a lot of things to do.
လုပ်စရာတွေ များတယ်။
We'd better hurry, or we'll be late.
တို့ မြန်မြန်လုပ်မှ ၊ နောက်ကျလိမ့်မယ်။
I think you're right.
မင်း ပြောတာမှန်တယ်။
I'm starting my vacation next week.
ကျွန်တော် အားလပ်ရက်ခရီး နောက်အပတ်က စထွက်မယ်။
You ought to see as much as you can.
ကြည့်စရာတွေကိုတော့ အားလုံးသာ ကြည့်ခဲ့၊ ရှုခဲ့ပေတော့။
That's what I think too.
ကျွန်တော် ဒီလိုပဲ ယူဆပါတယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| General | (n) | စစ်ဗိုလ်ချုပ်ကြီး (army officer) |
| General | (a) | အားလုံးနှင့်သက်ဆိုင်သော (nearly all) |
| Generally | (adv) | ယေဘုယျအားဖြင့် |
| Conversation | (n) | စကားပြောဆိုခြင်း (friendly talk) |
| born | (a) | မွေးဖွားလာသော |
| bear, bore, born, bearing | | |
| live | (v) | နေသည် (dwell) |
| all your life | - | တစ်သက်လုံး (all your living) |
| parents | (n) | မိဘများ (mother and father) |
| spend | (v) | သုံးသည် (payout, use) |
| supplies | (n) | အသုံးအဆောင်ပစ္စည်းများ (stocks, stores) |
| supply | (v) | ပေးအပ်ထောက်ပံ့သည် (provide, furnish) |
| hurry | (v) | အလျင်စလိုပြုလုပ်စေသည် (hasten) |
| hurry | (n) | အလျင်စလို (haste, urgency) |
| hurried | (a) | အလျင်စလိုပြုသော (hastened, careless) |
| vacation | (n) | အားလပ်ရက် (day and time of rest) |
| Next week | - | နောက်အပတ် (coming week) |

# GENERAL CONVERSATION (2)
# အထွေထွေ စကားပြောခန်း (၂)

Where did you get that book?
သည်စာအုပ် ဘယ်ကရခဲ့သလဲ။
From the library in my neighbourhood.
ကျွန်တော်တို့အရပ် စာကြည့်တိုက်ကပါ။
Is it a good library?
စာကြည့်တိုက်က တော်တော်စုံရဲ့လား။
Come with me and see for yourself.
ကျွန်တော်နဲ့လိုက်ပြီး ခင်ဗျားကိုယ်တိုင် လေ့လာကြည့်ပါလား။
We're going to be late for the meeting.
ကျွန်တော်တို့ အစည်းအဝေး နောက်ကျမယ်။
When does it start?
ဘယ်အချိန်စမှာလဲ။
It starts in exactly 12 a.m.
ဆယ့်နှစ်နာရီတိတိမှာ စမယ်။
I think we'll be on time.
အချိန်မှန် ရောက်မယ်လို့ ထင်ပါတယ်။
Something is bothering me.
တစ်စုံတစ်ခုအတွက် ကျွန်တော် စိုးရိမ်နေတယ်။
What's bothering you?
ဘာအတွက်များလဲ။
I think I left the lights on in my apartment.
ကျွန်တော် အခန်းထဲကမီးတွေ ပိတ်မထားမိဘူး။
Well, there's nothing you can do about it now.
အင်းလေ . . . အခုတော့ ဘာတတ်နိုင်မှာလဲ။
What does that sign say?
အို . . . ကြော်ငြာ ဘာလဲ။
It says "No smoking".
ဆေးလိပ်မသောက်ရတဲ့လေ။

What are you doing?

ခင်ဗျား ဘာတွေလုပ်နေသလဲ။

I'm putting out my cigarette.

စီးကရက် မီးသတ်နေတာပါ။

I'm sorry I'm late for our appointment.

ချိန်းတဲ့အချိန်မှာ မရောက်တဲ့အတွက် ဝမ်းနည်းပါတယ်။

What happened?

ဘာဖြစ်နေလို့လဲ။

The traffic was very heavy.

ယာဉ်သွား ယာဉ်လာတွေ သိပ်ရှုပ်နေလို့ပါ။

It's alwasy bad at this time of the day.

နေ့တိုင်း ဒီအချိန်မှာ ယာဉ်သွားယာဉ်လာ အရှုပ်ဆုံးပါဘဲ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| get | (v) | ရယူသည် (obtain, acquire) |
| book | (n) | စာအုပ် |
| library | (a) | စာကြည့်တိုက် (collection of books) |
| neighbourhoods | (n) | အနီးအနား အတူနေသူများ (vivinities) |
| neighbour | (n) | အိမ်နီးချင်း (person living nestdoor) |
| neighbour | (v) | အနီးအနားတွင် နေထိုင်သည် (adjoin) |
| neighbouring | (a) | အိမ်နီးချင်းဖြစ်သော (living near) |
| neighbourly | (a) | အိမ်နီးနားချင်း ပီသသော (friendly) |
| neighbourly | (adv) | အိမ်နီးနားချင်းပီသစွာ (manner of a neighbour) |
| exactly | (adv) | တိကျမှန်ကန်စွာ (precisely, accurately) |
| exact | (a) | စေ့စပ်သော (correct) |
| on time | - | အချိန်မီ |
| Exact | (v) | တောင်းခံရယူသည် |
| bother | (v) | နှောင့်ယှက်သည်၊ ဒုက္ခပေးသည် (disturb) |
| is bothering | - | စိုးရိမ်နေသည်။ အနှောင့်အယှက်ဖြစ်နေသည် |
| appointment | (n) | ချိန်းဆိုခြင်း (fixed meeting) |
| traffic | (n) | ယာဉ် (vehicle) |
| traffic | (v) | ကုန်သွယ်သည် (trade) |
| at this time | - | ဒီအချိန်မှာ (period, duration) |

# GENERAL CONVERSATION (3)
# အထွေထွေ စကားပြောခန်း (၃)

Would you like to see some pictures?

ဓာတ်ပုံတွေ ကြည့်မလား။

Sure. Did you take them yourself?

ကြည့်ချင်တာပေါ့၊ ခင်ဗျားကိုယ်တိုင် ရိုက်ခဲ့တာလား။

Yes. I did. I've got a new camera.

ဟုတ်ပါတယ်၊ ကျွန်တော် ကင်မရာအသစ် တစ်ခုရထားတယ်။

These are really wonderful.

ဟာ တစ်ကယ်ကောင်းတဲ့ ပုံတွေပါလား။

I've got to visit my father tonight.

ယနေ့ည ကျွန်တော့်အဖေဆီ သွားမလို့။

Is he expecting you?

ချိန်းထားလို့လား။

Yes, he is, I phoned him this morning.

ဟုတ်ကဲ့၊ ကျွန်တော် မနက်က တယ်လီဖုန်းဆက်ထားတယ်။

Have a nice time, then.

သွား , အဖတွေ ပျော်ရွှင်ကြပါစေဗျာ။

Could I speak to your father, please?

ခင်ဗျား အဖေနဲ့ စကားပြောနိုင်ပါသလား။

Sorry. He isn't here right now.

ဝမ်းနည်းပါတယ်၊ အခုသူ အိမ်မှာမရှိဘူး။

What time do you expect him back?

သူ ဘယ်အချိန်လောက် ပြန်လာမယ်လို့ ထင်ပါသလဲ။

About four or four thirty.

လေးနာရီ၊ လေးနာရီခွဲလောက် ပြန်လာပါလိမ့်မယ်။

Why doesn't Mg Mg go to school here anymore?

မောင်မောင် ဘာဖြစ်လို့ ကျောင်းမတက်တော့တာလဲ။

His family moved away.
သူတို့ မိသားစု ပြောင်းသွားပြီလေ။
Is he family moved away.
ဒါဖြင့် သူ တစ်ခြားကျောင်းမှာ ဆက်နေမှာပေါ့။
Yes. Somewhere in Yankin.
ဟုတ်ပါတယ်၊ ရန်ကင်းဘက်မှာပါ။
How do you operate this machine?
ဒီစက်ကို ဘယ်လိုလုပ်ရသလဲ။
You turn the lever to the right.
လီဗာကို ညာဘက်လှည့်လိုက်ပါ။
Do you turn it all the way to the right?
ညာဘက်အဆုံးအထိလား။
No. You turn it to the first mark.
မဟုတ်ဘူး၊ ပထမအမှတ်ထိပဲ လှည့်ပါ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| picture | (n) | ရုပ်ပုံ (photograph) |
| a new camera | - | ကင်မရာအသစ်တစ်ခု |
| visit | (a) | အလည်အပတ်သွားသည် (call on) |
| visit | (n) | အလည်အပတ်သွားခြင်း (act of visiting) |
| expect | (v) | မျှော်လင့်သည် (hope, await) |
| move | (v) | နေရာပြောင်းသည် (change the place) |
| vovement | (n) | လှုပ်ရှားခြင်း၊ နေရာပြောင်းခြင်း (act of moving) |
| moved away | - | အဝေးသို့ပြောင်းသွားသည် |
| ahother school | - | တစ်ခြားကျောင်း |
| operate | (v) | စီမံပြုလုပ်သည် (work) |
| operation | (n) | စီမံပြုလုပ်ခြင်း (working) |
| Machine | (n) | စက် (an engine) |
| turn | (v) | လှည့်သည် (go around, spin) |
| mark | (n) | အမှတ်အသား (sign) |

# GENERAL CONVERSATION (4)
# အထွေထွေ စကားပြောခန်း (၄)

I'd like to speak U Ba.
ကျွန်တော် ဦးဘနဲ့ စကားပြောချင်ပါတယ်။
Sorry, He isn't in now.
ဝမ်းနည်းပါတယ်ခင်ဗျာ၊ သူ အခု မရှိပါဘူး။
Can I leave message for him?
ကျွန်တော် စာရေးထားခဲ့လို့ ရမလား။
Yes. I'll take the message.
ဟုတ်ကဲ့၊ ကျွန်တော်ယူထားလိုက်ပါ့မယ်။
Where were you last Monday and Tuesday?
လွန်ခဲ့တဲ့ တနင်္လာနေ့၊ အင်္ဂါနေ့တွေက မင်း ဘယ်မှာရှိခဲ့သလဲ။
I was out of town.
နယ်ကို သွားနေတယ်။
Why did you leave town so suddenly?
ရုတ်တရက် ဘာကြောင့်သွားရသလဲ။
A friend was sick and needed help.
မိတ်ဆွေတစ်ယောက် နေမကောင်းတာ အကူအညီလိုလို့ပါ။
That's a good-looking suit you have on.
မင်းဝတ်တဲ့ ဝတ်စုံ ကြည့်ကောင်းတယ်။
Thank you for the compliment.
ချီးမွမ်းတာ ကျေးဇူးတင်ပါတယ်။
When did you get it?
ဒီဝတ်စုံကို ဘယ်တုန်းက ရခဲ့သလဲ။
About two or three weeks ago.
လွန်ခဲ့တဲ့ သုံး , လေးပတ်လောက်ကပါ။
Mg Mg hasn't called us yet.
မောင်မောင်တို့ကို မခေါ်သေးဘူး။
I thought he called you yesterday.
မင်းကို မနေ့က ခေါ်တယ်မဟုတ်လား။

No. We didn't hear from hin at all.
မဟုတ်ပါဘူး၊ သူ့ဆီက လုံးလုံးသတင်းမကြားပါဘူး။
I wonder what happened?
ဘာများဖြစ်နေပါလိမ့်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| Message | (n) | အကြောင်းကြားစာ (information) |
| messenger | (n) | သတင်းပေးသူ (informer) |
| sick | (a) | ဖျားနာသော (unwell, ill) |
| need | (v) | လိုအပ်သည် (require) |
| suit | (n) | ဝတ်စုံ (set of clothes) |
| suit | (v) | သင့်လျော်အောင်လုပ်သည် (make suitable) |
| compliment | (v) | ချီးမွမ်းခြင်း (admiration) |
| yet | (adv) | တောင်မှ၊ တိုင်အောင် (still, even) |
| call | (v) | ခေါ်သည် (cry, shout) |
| hear | (v) | ကြားသည် (perceive sound, listen to) |
| at all | (adv) | လုံးလုံး၊ လုံးဝ (entirely, completely) |
| happen | (v) | ဖြစ်ပျက်သည် (occur, come by chance) |

# GENERAL CONVERSATION (5)
# အထွေထွေ စကားပြောခန်း (၅)

What's the matter?

ဘာဖြစ်သလဲ။ ( ဘာကိစ္စလဲ)

I'm worried something.

စိတ်မကောင်းဖြစ်နေတယ်။

What's wrong?

ဘာမှားနေလို့လဲ။ (ဘာများဖြစ်လို့လဲ)

I think I've lost my billfold.

ကျွန်တော် ပိုက်ဆံအိတ်ပျောက်သွားတယ် ထင်လို့ပါ။

Are you coming to the meeting tomorrow?

ခင်ဗျား မနက်ဖန် အစည်းအဝေး တက်မလား။

Of course; I'm coming.

ဟုတ်ကဲ့၊ လာမှာပါ။

Aren't you worried about driving in this weather?

ဒီရာသီဥတုမှာ ကားမောင်းရမှာ ခင်ဗျား မစိုးရိမ်ဘူးလား။

Of course not.

မစိုးရိမ်ပါဘူးဗျာ။

How do you start this machine?

ဒီစက်ကို ဘယ်လိုနှိုးရမလဲ။

You just push the red button.

ခလုတ်အနီကို နှိပ်လိုက်လေ။

Where's the button?

ခလုတ်က ဘယ်မှာလဲ။

It's right in front of you.

ခင်ဗျား ရှေ့တည့်တည့်မှာလေ။

Well, it's cool and cloudy again today.

ဒီကနေ့ အေးပြီး တိမ်ထူတယ်။

I wish that sun were out.

ကျွန်တော်ကတော့ နေထွက်စေချင်ပြီ။

It's look to me as if it's going to rain.

မိုးရွာတော့မယ် ထင်တယ်။

The farmers would like it if it did.

မိုးရွာရင်တော့ လယ်သမားတွေ ဝမ်းသာမှာပေါ့ဗျာ။

If you had a lot of money, what would you buy?

ခင်ဗျားမှာ ငွေအများကြီးရှိရင် ဘာဝယ်မလဲ။

I think I'd buy car.

ကားဝယ်မယ်လေ။

What would you do with it?

ကားနဲ့ ဘာလုပ်ဦးမှာလဲ။

I'd take all my friends around the city.

သူငယ်ချင်း မိတ်ဆွေတွေတင်ပြီး မြို့ကိုပတ်မယ်လေ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| Matter | (n) | အရေးကြီးခြင်း (ကိစ္စ) (difficulty, trouble) |
| worry | (v) | စိတ်ပူသည် (feel anxious) |
| worry | (n) | ပူပန်သောက (anxiety) |
| lost | (v) | ပျောက်ဆုံးခဲ့သည် (failed to win) |
| cool | (a) | အေးသော (some what cold) |
| billfold | (n) | ပိုက်ဆံအိတ် (purse) |
| push | (v) | တွန်းသည်၊ နှိပ်သည် (press, urge) |
| button | (n) | ခလုပ် (small knob) |
| push the red button - | | ခလုပ်အနီကိုနှိပ်သည် |
| around | (adv) | ပတ်ပတ်လည် (on all sides) |
| city | (n) | မြို့၊ မြို့ကြီး (large town) |

# GENERAL CONVERSATION (6)
# အထွေထွေ စကားပြောခန်း (၆)

Excuse me.
ခွင့်ပြုပါ။
Is Yangon the next Station.
နောက်ဘူတာဟာ ရန်ကုန်ဘူတာကြီးလား။
I didn't understand.
ကျွန်တော် မသိလို့ပါ။
Are we near Yangon.
ရန်ကုန်ဘူတာကြီးနား ရောက်ပြီလား။
Yes, are you getting off there.
ရောက်ပြီ၊ ခင်ဗျား ဘူတာကြီးမှာ ဆင်းမယ် မဟုတ်လား။
Yes.
ဟုတ်ပါတယ်။
I'm too.
ကျွန်တော်လဲ ဆင်းမှာပါ။
Good.
ကောင်းတာပေ့ါ။
May be you can help me.
ခင်ဗျား ကျွန်တော့်ကို ကူညီနိုင်မလား မသိဘူး။
What's the trouble? (What help?)
ဘာအခက်အခဲ ရှိသလဲ၊ ဘာကူညီရမလဲ။
Well. I don't know much English.
အော် . . . ကျွန်တော် အင်္ဂလိပ်စကား သိပ်မတတ်လို့ပါ။
You're doing very well.
ခင်ဗျား ပြောတာ သိပ်ကောင်းတာပဲ။
Oh. We're stoppong.
အော် . . . ကျွန်တော်တို့ ရောက်တော့မယ်။
Is this Yangon Station?
ဒီဟာ ရန်ကုန်ဘူတာကြီးလား။

Yes. It is.

ဟုတ်ပါတယ်။

Do you have your baggage?

ခင်ဗျားမှာ ဝန်စည်စလယ်ပါသလား။

I have one suitcase with me. I checked one, too.

ကျွန်တော့်မှာ သားရေအိတ်တစ်လုံးပါတယ်၊ တစ်လုံးအပ်ထားသေးတယ်။

Same here. So did I.

အဲဒီမှာ ကျွန်တော်လဲ အပ်ထားတယ်။

Come along. We'll get them.

လာ . . . သွားရအောင်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| Excuse | (v) | ခွင့်ပြုသည်၊ ခွင့်ပြုပါ (pardon, forgive) |
| Station | (n) | ဘူတာရုံ (stopping place for train) |
| understand | (n) | နားလည်သည် (know) |
| get on, mount | - | အပေါ်တက်သည် |
| get off, dismount | - | အောက်ဆင်းသည် |
| perhaps | (adv) | ဖြစ်နိုင်ရင် (may be, possibly) |
| trouble | (n) | အခက်အခဲ၊ ဒုက္ခ (disturbance) |
| trouble | (v) | ဒုက္ခရောက်သည်၊ အခက်အခဲရှိသည် (annoy) |
| baggages | (n) | ဝန်စည်စလွယ်များ (luggages) |
| suitcase | (n) | သားရေအိတ် (travelling bag) |
| check | (v) | စစ်ဆေးသည် (ပစ္စည်းအပ်သည်) (test, put, luggages) |
| check | (n) | စစ်ဆေးခြင်း၊ ပိုင်ဆိုင်ကြောင်းအမှတ်အသား (investigation, make, token sign) |

# GENERAL CONVERSATION (7)
# အထွေထွေ စကားပြောခန်း (၇)

Where is John going now?
ဂျွန် အခု ဘယ်သွားမလို့လဲ။
He is going to Bogyoke market.
သူ ဗိုလ်ချုပ်ဈေးကို သွားမလို့ပါ။
Where is Mary going?
မေရီ ဘယ်သွားမလို့လဲ။
She is going to Shwedagon Pagoda.
သူမ ရွှေတိဂုံဘုရား သွားမလို့ပါ။
Thank you for your help.
ကူညီတာ ကျေးဇူးတင်ပါတယ်။
You're welcome.
ကိစ္စမရှိပါဘူး။
Where are you going now.
အခု ဘယ်သွားမလို့လဲ။
To the campus.
ကျောင်းဝင်းကို . . . ။
That's where I'm going.
ကျွန်တော်လဲ အဲဒီကို သွားမလို့ပါ။
How do you get there?
ဟိုကို ဘယ်လိုသွားရမလဲ။
You can go by taxi.
တက္ကစီကားနဲ့ သွားပါလား။
Is there any other way?
တခြား ဘယ်လိုသွားလို့ ရသေးလဲ။
Yes, by bus.
ဟုတ်ကဲ့၊ ဘတ်စ်ကားနဲ့လဲ ရပါတယ်။
Which is better?
ဘယ်ဟာ ပိုကောင်းလဲ။

The taxi is faster, but the bus costs less.

တက်စီကမြန်တယ်၊ ဘတ်စ်ကားက အကုန်သက်သာတယ်။

How do you go?

ခင်ဗျားကကော ဘယ်လိုသွားမှာလဲ။

By bus.

ဘတ်စ်ကားနဲ့ သွားမယ်။

Won't you come along?

ခင်ဗျား မလိုက်ဘူးလား။

Okay, let's go.

ကောင်းပြီ သွားကြစို့။

## Glossary (အဓိပ္ပါယ်)

thank (v) ကျေးဇူးတင်သည် (express gratitude)

help (n) အကူအညီ (aid, assistance)

helpers (n) ကူညီသူများ (assistances)

campus (n) ကျောင်းဝန်း

(area and buildings occupied by a university or college)

by taxi - တက်စီကားဖြင့်

by bus - ဘတ်(စ်)ကားဖြင့်

good (a) ကောင်းသော (not bad)

better - ပိုကောင်းသော

best - အကောင်းဆုံးဖြစ်သော

good - better - best

cost (v) ကုန်ကျသည် (at the price of)

It costs too much. It cost me Ten Kyats.

ဒါ ဈေးများတယ်၊ ဒါ တစ်ဆယ်ပေးရတယ်။

cost (n) တန်ဖိုးငွေ၊ ကုန်ကျငွေ (price of something)

What is the cost (price) of this book?

ဒီစာအုပ် တန်ဖိုးဘယ်လောက်လဲ။

# GENERAL CONVERSATION (8)
# အထွေထွေ စကားပြောခန်း (၈)

That's Ronald Reagan.
အဲဒါ ရော်နယ် ရေဂင်ပါ။
May be you can help him.
ခင်ဗျား သူ့ကို ကူညီနိုင်မလား မသိဘူး။
That's Mary Patty.
သူက မေရီ ပက်တီပါ။
People call Mary.
အများကတော့ မေရီလို့ ခေါ်ကြတယ်။
I'm George Bush.
ကျွန်တော် ဂျော့ဘွတ်ပါ။
I'm usually called Bush.
အများကတော့ ဘွတ်ရှ်လို့ ခေါ်ကြတယ်။
My name is Ko Ko Kyaw.
ကျွန်တော့်နာမည် ကိုကိုကျော်ပါ။
What do people usually call you at home?
အိမ်မှာ ခင်ဗျားကို ဘယ်လိုခေါ်ကြလဲ။
At home they call me Ah Kyaw.
အိမ်မှာ အကျော်လို့ ခေါ်ကြတယ်။
But my American friends call me George.
ဒါပေမယ့် ကျွန်တော့်ရဲ့ အမေရိကန် သူငယ်ချင်းများကတော့ ဂျော့လို့ ခေါ်ကြတယ်။
I'm glad to know you, George.
ဂျော့ သိရတာ ဝမ်းသာပါတယ်။
It's a pleasure, Bush.
ဘွတ်ရှ်နဲ့ တွေ့ရတာ ဝမ်းသာစရာပဲ။
Where do you come from?
ခင်ဗျားက ဘယ်ကလာသလဲ။

My home is in Myanmar.
ကျွန်တော့်အိမ်က မြန်မာပြည်မှာပါ။
Where do you live?
ခင်ဗျားကတော ဘယ်မှာနေသလဲ။
I live in Washington.
ကျွန်တော် ဝါရှင်တန်မှာ နေပါတယ်။
I spent the last three days in Washington.
လွန်ခဲ့တဲ့သုံးရက်က ကျွန်တော် ဝါရှင်တန်မှာနေခဲ့တယ်။
How do you like it there?
ဟိုမှာ နေရတာ သဘောကျရဲ့လား။
Yes, I do.
ကြိုက်ပါတယ်။
Here comes the bus.
ဟော . . . ဘတ်စ်ကားလာပြီ။
How much is the fare?
ဘတ်စ်ကားခ ဘယ်လောက်လဲ။

## Glossary (အဓိပ္ပါယ်)

call (v) ခေါ်သည် (shout, cry)
call (calls) - called - called (calling)
usually (adv) အများအားဖြင့်
at home - အိမ်မှာ
American friends - အမေရိကန်သူငယ်ချင်းများ
pleasure (n) နှစ်သက်စရာ၊ နှစ်သက်ခြင်း
(delight, happiness, enjoyment)
fare (n) ခရီးစရိတ်
(amount of money paid for a journey)

# GENERAL CONVERSATION (9)
# အထွေထွေ စကားပြောခန်း (၉)

Please give me a ball-pen.
ကျေးဇူးပြုလို့ , ကျွန်တော့်ကို ဘောလ်ပင် တစ်ချောင်းပေးပါ။
Please give me some pencils.
ကျွန်တော့်ကို ကျေးဇူးပြုလို့ ခဲတံ နှစ်ချောင်း , သုံးချောင်းပေးပါ။
Please give me some paper.
ကျွန်တော့်ကို စာရွက်နည်းနည်းပေးပါ။
I got transfers for us.
ကျွန်တော်တို့ ပြောင်းစီးဖို့ လက်မှတ်ယူမယ်။
What do we do with them?
အဲဒါတွေ ဘာလုပ်ရမလဲ။
Keep them till we change buses.
ဘတ်စ်ကားပြောင်းစီးတဲ့အထိ သိမ်းထားရမယ်။
Doesn't this bus go to the campus?
ဘတ်စ်ကားက ကျောင်းဝင်းထဲအထိ မသွားဘူးလား။
No, unfortunately.
မသွားဘူး၊ ဒုက္ခပဲ။
There aren't many buses.
ဘတ်စ်ကားများများ မရှိဘူး။
That's just the trouble.
အဲဒါကြောင့် ဒုက္ခရောက်တာပေါ့။
Do we get off soon?
ကျွန်တော်တို့ မကြာခင် ဆင်းကြရတော့မယ်လား။
At the next stop.
နောက်မှတ်တိုင် ဆင်းမယ်။
The other bus is waiting there now.
တို့စီးမယ့် ဘတ်စ်ကားက ဟိုမှာ စောင့်နေတယ်။
Let's get our own baggages.
ဝန်စည်စလယ်တွေ ယူကြစို့။
Okay. Let's go.
ကောင်းပြီ၊ သွားကြစို့။

**Glossary** (အဓိပ္ပါယ်)

transfer (v) ပြောင်းရွှေ့သည် (change from the position)

The head-office has been transferred from Pyay (Prome) to Yangon.

transfers (n) ပြောင်းရွှေ့စီးမည့်လက်မှတ်များ (transfer-tickets)

keep (v) သိမ်းထားသည် (hold)

keep (keeps) - kept - kept - (keeping)

unfortunate (a) ကံမကောင်းသော

unfortunately (adv) ကံမကောင်းစွာ

soon (adv) မကြာမီ (in a short time, early)

I am going to Washington ***soon***.

ကျွန်တော် မကြာမီ မြို့တော်ဝါရှင်တန်ကို သွားမယ်။

He will be here very ***soon***.

ဒီနေရာကို သူ အမြန်ဆုံးရောက်လာမယ်။

## GENERAL CONVERSATION (10)
## အထွေထွေ စကားပြောခန်း (၁၀)

Where do you want to go first, Ted?

တက် . . . ဘယ်ကို အလျင်သွားချင်သလဲ။

Yes. The campus.

တက္ကသိုလ်ဝန်းကျင်ကို အလျင်သွားမယ်။

These are the men's dormitories.

ဒါ ယောကျ်ားကလေး ကျောင်းဆောင်တွေပါ။

These books and pencils are for you.

ဒီစာအုပ်နှင့် ခဲတံတွေက မင်းအတွက်ပဲ။

These buildings are the girls' dormitories.

ဒါတွေက မိန်းကလေး (ကျောင်း)ဆောင်တွေပါ။

Where are you going to live, Ted?

တက် . . . ဘယ်မှာနေမလို့လဲ။

In the men's dormitory.
ယောကျ်ားဆောင်မှာပါ။
I don't know yet which room.
ဘယ်အခန်းဆိုတာတော့ ခု တိတိကျကျ မသိရသေးဘူး။
You can findout at the information desk.
စုံစမ်းရေးဌာနမှာ မေးကြည့်ပါ။
Where is the information desk?
စုံစမ်းရေးဌာနက ဘယ်မှာလဲ။
It's near the entrance to this building.
ဒီအဆောက်အအုံ အဝင်ဝနားမှာ။
It's your right as you come in.
ဝင်လိုက်လျှင် ညာဘက်မှာ။
Oh. They sell cigarettes there, too, don't they?
ဟိုမှာလဲ စီးကရက်ရောင်းသားပဲမဟုတ်လား။
That's right.
ဟုတ်ပါတယ်။
I noticed the counter when we came in.
ကျွန်တော်ဝင်လာတုန်းက နေရာမှာ မြင်မိတယ်။
Do you want me to stop there with you?
ခင်ဗျားနဲ့အတူ ဟိုကို ဝင်စေချင်သလား။
No, you go ahead.
ခင်ဗျားပဲသွားပါ။
I think I can manage.
ကျွန်တော် သွားတတ်မယ်ထင်တယ်။
Sure you can.
ခင်ဗျား သွားတတ်ပါတယ်။
You're doing fine with your English.
ခင်ဗျား အင်္ဂလိပ်စာ တော်တယ်။
Thanks
ကျေးဇူးပါပဲ။
By the way.
စကားမစပ်။
Where are you living. Mac?
မက် . . . ဘယ်မှာနေပါသလဲ။

I have a room near the campus.
ကျောင်းဝင်းအနီးက အိမ်တစ်ခုမှာပါ။
Look me up if I can help you.
ကျွန်တော် အကူအညီလိုလျှင် လာတွေ့ပါ။
In fact, look me up anyway.
ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဆီလာပါ။
Thanks again for your help, Mac.
မက်ရဲ့ ကူညီမှုအတွက် ကျေးဇူးပါပဲ။
It's been a pleasure, Ted.
ကူညီရတာ ဝမ်းသာပါတယ် . . . တက်။
So long.
ကဲ . . . နောက်မှပဲ တွေ့ကြမယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| dormitory | (n) | ကျောင်းဆောင် (hostel) |
| men's dormitories | - | ယောကျ်ားလေးကျောင်းဆောင်များ |
| girl's dormitories | - | မိန်းကလေးကျောင်းဆောင်များ |
| can find out | - | မေးကြည့်နိုင်သည် |
| the information desk | - | စုံစမ်းရေးဌာန |
| building | (n) | အဆောက်အဦ (an ediffice) |
| entrance | (n) | ဝင်ပေါက် (place of entry) |
| cigarettes | (n) | စီးကရက်များ |
| notice | (v) | အမှတ်ထားသည်၊ သိသည် (observe) |
| stop | (v) | ရပ်သည် (cease, halt) |
| ahead | (adv) | ရှေ့က (further on, in front, in advance) |
| go ahead | - | ရှေ့ကသွားပါ |
| look me up | - | ကျွန်တော့်ကိုလာတွေ့ပါ |
| anyway | - | ဘာပဲဖြစ်ဖြစ် (in any case) |
| again | (adv) | နောက်တစ်ကြိမ် (any more, once more) |
| thanks again | - | နောက်တစ်ကြိမ် ကျေးဇူးတင်ပါတယ် |
| say again | - | နောက်တစ်ကြိမ်ပြောပါဦး |
| Never say nerer again | - | နောက်တစ်ကြိမ် ဘယ်တော့မှ ထပ်မပြောနဲ့ |

# GENERAL CONVERSATION (11)
# အထွေထွေ စကားပြောခန်း (၁၁)

I'm Ko Ko Kyaw from Myanmar.

ကျွန်တော် မြန်မာပြည်က ကိုကိုကျော်ပါ။

Can you tell me what my room number is?

ကျွန်တော့်အခန်းနံပါတ်ကို ပြောပြနိုင်ပါသလား။

Oh yes, sir.

ပြောနိုင်ပါတယ်။

Let's see.

ကြည့်ရအောင်။

You're in room two twenty-five in the men's dorm.

ခင်ဗျားအခန်းနံပါတ် (၂၂၅) ယောကျ်ားဆောင်မှာ။

How do I get there from here?

ဒီကနေ ဟိုကို ဘယ်လိုသွားရမလဲ။

Your room-mate was here a minute ago.

ခင်ဗျားအခန်းဖော် ခုပဲ ဒီမှာရှိသေးတယ်။

He said he's coming right back.

သူ အခုပြန်လာမယ်လို့ ပြောတယ်။

He can show you the way.

သူ လမ်းပြပေးလိမ့်မယ်။

That's fine.

ကောင်းတာပေါ့။

I'll wait for him.

ကျွန်တော် သူ့ကိုစောင့်နေမယ်။

By the way, what's his name?

စကားမစပ် သူ့နာမည်က ဘယ်သူတဲ့လဲ။

John Adam.

ဂျွန်အဒမ်။

He comes from New York.

သူ နယူးယောက်က လာတာပါ။

Is this his third year at Yale?

ယေးလ်မှာ ဒါ သူ တတိယနှစ်လား။

No, it's his fourth.

ဟင့်အင်း . . . စတုတ္ထနှစ်ပါ။

He works here in the student union.

သူ ဒီမှာ ကျောင်းသားသမဂ္ဂမှာ အလုပ်လုပ်တယ်။

Oh, here he comes now.

ဟော . . . လာပြီ၊ ဒီမှာ။

Adam, I'd like you to meet your room mate, Ko Ko Kyaw from Myanmar.

အဒမ် . . . ခင်ဗျားအခန်းဖော် မြန်မာပြည်က ကိုကိုကျော်က တွေ့ချင်တယ်။

Just call me Ted.

ကျွန်တော့်ကို တက် လို့သာခေါ်ပါ။

Glad to know you, Ted.

တက်ကို သိရတာ ဝမ်းသာပါတယ်။

Please to meet you, Adam.

အဒမ်နဲ့တွေ့ရတာလဲ ဝမ်းသာပါတယ်။

I just ran into (met) Reagan.

ကျွန်တော် ခုပဲ ရေဂင်နဲ့တွေ့ခဲ့တယ်။

He told me about meeting you on the train.

သူ ခင်ဗျားနဲ့ မီးရထားပေါ်မှာ တွေ့ခဲ့တဲ့အကြောင်း ပြောတယ်။

Are you ready to go over to the room?

ခင်ဗျားအခန်းကိုသွားဖို့ အဆင်သင့်ဖြစ်ပြီလား။

All set.

အားလုံးအဆင်သင့်ပါပဲ။

Let's go, then.

ကဲ ဒါဖြင့် သွားကြစို့။

Our dorm is on the left on you go out.

ဒီကသွားရင် ကျွန်တော်တို့အဆောင်က လက်ဝဲဘက်မှာ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| dorm-dormitory | - | ကျောင်းဆောင် (hostel) |
| room-mate | (n) | အခန်းဖော် |
| a minute ago | - | လွန်ခဲ့သည့်တစ်မိနစ်က |
| the way | - | လမ်း |
| Yale University | - | "ယေး"တက္ကသိုလ် |
| the student's union | - | ကျောင်းသားသမဂ္ဂ |
| on the train | - | မီးရထားပေါ်မှာ |
| tell | (v) | ပြောသည် (say, speak) |
| tell (tells) - told - told (telling) | | |
| ready | (a) | အသင့်ဖြစ်သော (predpared) |

Dinner is ***ready***.
ညစာ အဆင်သင့်ဖြစ်ပါပြီ။
Everything is ***ready***.
အားလုံးအဆင်သင့်ဖြစ်ပါပြီ။
Are you ***ready*** to go?
မင်းသွားဖို့အဆင်သင့်ဖြစ်ပြီလား။
Yes, I'm.
ဟုတ်ကဲ့ . . . အသင့်ဖြစ်ပါပြီ။

# GENERAL CONVERSATION (12)
## အထွေထွေ စကားပြောခန်း (၁၂)

Is Reagan a friend of yours?
ရေဂင်ဟာ ခင်ဗျားသူငယ်ချင်းလား။
Yes. I've known him for five years.
ဟုတ်ပါတယ်၊ သူနဲ့သိတာ (၅)နှစ်ရှိပါပြီ။
We play tennis once in a while.
တစ်ခါတစ်ခါ ကျွန်တော်တို့ တင်းနစ်ကစားကြတယ်။
Reagan is a good athelete.
ရေဂင်က အားကစားဝါသနာပါတဲ့လူပါ။
How about you?
ခင်ဗျားကရော။
Oh, I just play tennis and do some swimming.
ကျွန်တော်က တင်းနစ်လဲကစားတယ်၊ ရေလဲကူးတယ်။
I'm not very good at either one.
ဘယ်ဟာမှ တော်လှတယ်မဟုတ်ပါဘူး။
Reagan usually beats me at tennis.
ရေဂင်က အများအားဖြင့် တင်းနစ်မှာ ကျွန်တော့်ကိုနိုင်တယ်။
Is he on the football team?
သူ ဘောလုံးအသင်းမှာ ပါသလား။
No, he's a little light for football.
သူ ဘောလုံးကစားတာ နည်းတယ်။
He plays basketball during the Winter, and baseball in the Spring.
သူ ဘတ်စကတ်ဘောကို ဆောင်းမှာကစားတယ်၊ နွေဦးပေါက်မှာ ဘေ့စ်ဘော ကစားတယ်။
When does he find time for tennis?
သူ ဘယ်အချိန် တင်းနစ်ကစားသလဲ။
During the fall.
ဆောင်းဦးပေါက်မှာ။
In fact, we're planning to play tomorrow afternoon.
မနက်ဖြန်နေ့ခင်း တို့ကစားဖို့ စီစဉ်ထားတယ်။

By the way, are you a tennis, player?

ဒါနဲ့ ခင်ဗျားက တင်းနစ်ကစားသမားလား။

I like the tennis but I'm not very good at it either.

ကျွန်တော်ကတော့ ကြိုက်ပါတယ်၊ ဒါပေမယ့် သိပ်မတော်ပါဘူး။

I shipped my racket in my trunk.

ကျွန်တော့်ဘက်တန်ကို သံသေတ္တာနဲ့ထည့်ပြီး သင်္ဘောနဲ့ပို့လိုက်တယ်။

I don't suppose its arrival yet.

ခုထိ မရောက်သေးဘူးလို့ထင်တယ်။

Why don't you come out to the court with us any how?

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့နဲ့ ကစားကွင်းလိုက်ခဲ့မလား။

It will be a good place to meet some friends.

သူငယ်ချင်းတွေနဲ့ တွေ့ဖို့ကောင်းတဲ့နေရာပဲ။

This our building here.

ဒါ ကျွန်တော်တို့နေတဲ့ အဆောက်အဦပါ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| once in a while | - | တစ်ခါတစ်ခါ |
| athlete | (n) | အားကစားခြင်း (person trained for competing) |
| team | (n) | အသင်း (group of people working together) |
| infact | (adv) | အမှန်တကယ် (truely, really) |
| racket | (n) | ဘက်တန် (bat used in tennis) |
| trunk | (n) | သေတ္တာ (large strong box) |
| suppose | (v) | ထင်သည်၊ ယူဆသည် (think, consider) |
| court | (n) | ကစားကွင်း (closed for playing games) |
| good place | - | နေရာကောင်း (not bad place) |
| buildings | - | အဆောက်အဦများ (ediffices) |
| Summer | (n) | နွေဥတု (warm season) |
| Spring | (n) | နွေဦးပေါက် (vernal season) |
| Winter | (n) | ဆောင်းဥတု (cold season) |
| fall (autumn) | (n) | ဆောင်းဦးပေါက် (season between summer and winter, also called fall) |

# GENERAL CONVERSATION (13)
## အထွေထွေ စကားပြောခန်း (၁၃)

Well, this is our room.
ကဲ . . . ဒါ ကျွန်တော်တို့ အခန်းပါ။
What do you think of it?
ခင်ဗျား ဘယ်လိုသဘောရသလဲ။
It's very nice. Isn't it?
သိပ်ကောင်းတယ်မို့လား။
I like the big window.
ကျွန်တော် ပြူတင်းပေါက် ကြီးတာကို ကြိုက်တယ်။
I do, too.
ကျွန်တော်လဲ ကြီးတာကြိုက်တယ်။
We have a good view of the lake.
ကန်ကို ကျွန်တော်တို့ကောင်းကောင်း မြင်နိုင်တယ်။
Come and look at it.
လာ . . . ကြည့်ပါဦး။
Yes, it seems very nice.
အင်း . . . ကြည့်ရတာ ကောင်းပါတယ်။
The room is well furnished, too, isn't it?
အခန်းထဲမှာ အိမ်ထောင်ပရိဘောဂတွေ ကောင်းကောင်းထားပေးတယ် မို့လား။
Yes, there is a complete set of furniture for each of us.
ဟုတ်ပါတယ်၊ ပရိဘောဂပစ္စည်းများ ကျွန်တော်တို့တစ်ယောက်စီအတွက် အပြည့်အစုံ ရှိပါတယ်။
Desk, chair, reading lamp, burear and bed.
စာရေးစားပွဲ၊ ကုလားထိုင်၊ စာဖတ်မီးအိမ်၊ ဘီဒိုနှင့် အိပ်ရာ။
And two clothes closets.
အဝတ်အစားထည့်ဖို့ ( သီးခြားအခန်းငယ် ) နှစ်ခုပါတယ်။
I've already put my things in the one by the door.
တံခါးနားက အခန်းထဲမှာ ကျွန်တော့်ပစ္စည်းတွေ ထားပြီးပြီ။

I unpacked yesterday.

မနေ့က ပစ္စည်းတွေ ကျွန်တော် ထုတ်ကြည့်တယ်။

Okay? ( O.K )

ကောင်းရဲ့လား။

Sure one is as good as the other.

စိတ်ချ . . . ကောင်းတာချင်း အတူတူပါ။

Say. is that your sister's picture?

ဒီမှာ . . . ဟိုဟာက ခင်ဗျား အစ်မပုံလား။

No. That's a girl friend of mine.

မဟုတ်ပါဘူး၊ သူငယ်ချင်း အမျိုးသမီးပါ။

You meet her soon.

ခင်ဗျားနဲ့ မကြာခင် တွေ့ရမှာပဲ။

She is a university student.

သူ တက္ကသိုလ်ကျောင်းသူပဲ။

Many of the students are girls, aren't they?

ကျောင်းသားတွေဟာ မိန်းကလေး များတယ်မို့လား။

Yes, You're right.

ဟုတ်တယ်၊ မှန်တယ်။

You'll see a lot of them here on the campus.

ခင်ဗျား ကျောင်းဝန်းမှာ အများကြီးတွေ့ရမယ်။

Most of them are pretty good students.

အများအားဖြင့် သူတို့ဟာ အတော် တော်တဲ့ကျောင်းသူတွေပါ။

And some are good dances and swimmers.

အချို့က ရေကူး၊ အက တော်တယ်။

Does your girl friend like tennis?

ခင်ဗျား အမျိုးသမီး သူငယ်ချင်းက တင်းနစ်ကစားတာ ဝါသနာပါလား။

Yes. She's enthusiastic about it.

အင်း . . . သူ စိတ်ပါ , ပါတယ်။

May be we can all play tomorrow or the next day.

မနက်ဖန်ဖြစ်ဖြစ်၊ သဘက်ခါဖြစ်ဖြစ် ကျွန်တော်တို့ ကစားချင်ရင် ကစားကြမယ်။

Fine. Only I'll have to wait till my racket arrives.

ကောင်းတာပေါ့၊ ဒါပေမယ့် ဘက်တန်ရောက်အောင် စောင့်ရလိမ့်မယ်။

**Glossary** (အဓိပ္ပါယ်)

| | | |
|---|---|---|
| nice | (a) | နူးညံ့ဖွယ်ကောင်းသော (delicate, fine) |
| view | (n) | ရှုမျှော်ခင်း (scene) |
| furnish | (v) | ထားသည် (အိမ်ထောင်ပရိဘောဂ) (supply) |
| furniture | (n) | အိမ်ထောင်ပရိဘောဂများ (moveable articales) |
| closets | (n) | သီးခြားအခန်းငယ် (small room for privacy) |
| unpack | (v) | အထုပ်ဖြေသည် (remove) |
| picture | (n) | ရုပ်ပုံကားချပ် (photograph) |
| dancers | (n) | ကချေသည်များ |
| swimmers | (n) | ရေကူးသူများ |
| enthusiastic | (a) | စိတ်ပါသော (full of eager) |
| wait | (v) | စောင့်သည် (stay until someone comes) |
| waiter | (n) | စားပွဲထိုး |
| waiter | (n) | စောင့်ဆိုင်းသူ (person who waits) |
| waiter | (n) | man who waits on table in a hotel or restaurant |

# GENERAL CONVERSATION (14)
# အထွေထွေ စကားပြောခန်း (၁၄)

Well, I guess I'd better unpack my bags.

ကဲ . . . ကျွန်တော် ပစ္စည်းတွေထုတ်မှ ထင်တယ်။

Need any help? ( What need?)

အကူအညီလိုလား။ ဘာလိုလဲ။

No, thanks.

မလိုပါဘူး။ ကျေးဇူးပဲ။

But I'd like to know some more about the routine here.

ဒါပေမယ့် ဒီမှာ နေ့စဉ်လုပ်ရမဲ့ အလုပ်တွေ ကျွန်တော်သိချင်တယ်။

Anything special?

ထူးဆန်းတာ ရှိလား။

What time are we suppoed to get up in the morning?

ကျွန်တော်တို့ မနက်ကို ဘယ်အချိန် ထရမလဲ။

Oh, that depends on our class schedule.

အို . . . ဒါက အတန်းအချိန်စာရင်းပေါ် တည်ပါတယ်။

I always get up in time to eat breakfast before my first class.

ကျွန်တော်တော့ အမြဲ ပထမတန်းမတက်ခင် မနက်စာ စားမိအောင် စားပါတယ်။

When do you get your schedule?

အချိန်စာရင်း ဘယ်တော့ရမလဲ။

I have mine already.

ကျွန်တော်တော့ ရပြီးပြီ။

I registered yesterday.

မနေ့ကပဲ မှတ်ပုံတင်ခဲ့တယ်။

You'll get yours tomorrow when you register.

မနက်ဖန် မှတ်ပုံတင်တော့ အချိန်စာရင်း ရမှာပေါ့။

Say. You've been here for two years already.

ဒီမှာ ခင်ဗျား ဒီရောက်တာ ၂နှစ်လောက်ရှိပြီ။

Will you give me some advice about courses( subjects)?

ဘယ်ဘာသာတွေ ယူမယ်ဆိုတာ အကြံပေးစမ်းပါ။

I'd be glad to.

အကြံပေးရမှာ ဝမ်းသာပါတယ်။

But it probably won't be necessary.

ဒါပေမယ့် လိုချင်မှလိုမယ်။

You'll have a faculty adviser.

ခင်ဗျားကို ပညာရေးအကြံပေးတဲ့လူ ရှိလိမ့်မယ်။

He advises you about what to take.

ခင်ဗျား ဘာယူမယ်ဆိုတာ သူအကြံပေးပါလိမ့်မယ်။

How do I find out who my adviser is?

ကျွန်တော် အကြံပေးအရာရှိ ဘယ်သူဆိုတာ ဘယ်လိုလုပ်သိမလဲ။

They've posted a list on the bulletin board down stairs.

အောက်ထပ် သတင်းကပ်တဲ့နေရာမှာ စာရင်းကပ်ထားပြီးပြီ။

I'll go down and have a look at it when I finish unpacking.

ပစ္စည်းထုတ်ပြီးရင် ဆင်းပြီး ကြည့်ဦးမယ်။

Say, where can I take a shower.

ဘယ်မှာရေချိုးမလဲ။

There's wash room and toilet down the hall.

အောက်ထပ်အခန်းက ထွက်သွားရင် ဆေးကြောတဲ့အခန်းနှင့် အိမ်သာရှိတယ်။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| guess | (v) | တွေးထင်သည် (make and opinion) |
| routine | (n) | လုပ်နေကျအလုပ် (fixed and regular way of doing things) |
| schedule | (n) | အချိန်စာရင်း (timetable) |
| depend | (v) | မှီတင်းသည်၊ တည်သည် (rely) |
| in time | - | အချိန်မီ (after a while, soon enough) |
| register | (v) | မှတ်ပုံတင်သည် (official record) |
| advise | (v) | အကြံပေးသည် (give advice) |
| advice | (n) | အကြံဉာဏ် (opinion) |
| adviser | (n) | အကြံဉာဏ်ပေးသူ (person who give advice) |
| list | (n) | စာရင်း (series of names, number words) |
| bulletin board | - | သတင်းကပ်တဲ့နေရာ (notice board) |
| downstairs | (adv) | အောက်ထပ် (on a lower floor) |
| faculty-adviser | - | ပညာရေး အကြံပေးပုဂ္ဂိုလ် (education-advicer) |
| go down | (v) | ဆင်းသွား၊ အောက်သွား (descend) |
| finish | (v) | ပြီးသည် (end, complete, conclude) |
| shower | (n) | ရေချိုးခြင်း (take a shower bath) |
| wash | (v) | ရေဆေးသည် (clean with water) |
| toilet | (n) | အိမ်သာခန်း (lavatory) |
| wash-room | - | ဆေးကြောခန်း၊ ရေချိုးခန်း (bath-room) |

# GENERAL CONVERSATION (15)
# အထွေထွေ စကားပြောခန်း (၁၅)

Well, I've finished unpacking.
ကဲ . . . ပစ္စည်းထုတ်လို့တော့ပြီးပြီ။
Where did you put your empty suitcase?
ခင်ဗျား သားရေသေတ္တာအလွတ်ကို ဘယ်မှာထားရမှာလဲ။
On the top shelf of my closet.
ကျွန်တော့်အဝတ်အစားအခန်းလေးရဲ့ ပေါ်ဆင့်မှာ။
There's a big space up there in your closet, too.
ခင်ဗျားအခန်းလေးရဲ့ အပေါ်မှာလဲ နေရာ အကျယ်ကြီးရှိသားပဲ။
Oh, yes. I have found it.
အော် . . . ဟုတ်တယ်၊ တွေ့ပြီ။
Thanks.
ကျေးဇူးပဲ။
I'd like to take a nap before supper.
အဆာပြေ ညနေစာမစားခင် တစ်ရေးအိပ်လိုက်ချင်သေးတယ်။
I think I'll get cleaned up.
သန့်ရှင်းရေး လုပ်လိုက်ဦးမယ်။
Let's see.
ကြည့်ရဦးမယ်။
I'll need my tooth brush, tooth paste, comb, shaving cream, razor and soap.
သွားတိုက်၊ သွားပွတ်တံ၊ သွားတိုက်ဆေး၊ ဘီး၊ မုတ်ဆိတ်ရိတ်ဆပ်ပြာ၊ ဓား၊ ဆပ်ပြာတို့ လိုဦးမယ်။
Don't forget your towel.
မျက်နှာသုတ်ပုဝါလဲ မမေ့နဲ့ဦး။
Oh, thanks.
ကျေးဇူးပဲ။
and you can see who your faculty-adviser is.
ပြီးတော့ ခင်ဗျားရဲ့ အကြံပေးပုဂ္ဂိုလ် ဘယ်သူလဲဆိုတာ တွေ့နိုင်တယ်။

I almost forget about that.
ကျွန်တော် အဲဒါ လုံးလုံးမေ့နေတယ်။
I guess I'll do that first.
အဲဒါ အရင်လုပ်မှပဲ။
Then I'll shower.
ပြီးမှ ရေချိုးမယ်။
By the way, is there always hot water?
ဒါနဲ့ . . . ရေနွေး အမြဲရှိသလား။
Yes, except may be Saturday nights.
စနေနေ့ကလွဲရင် ရှိပါတယ်။
So they all want a shower at once.
ဒါကြောင့် အားလုံး တစ်ချိန်တည်းမှာ ရေချိုးချင်ကြတာကိုး။
Say, will you wake me up at five, George?
ဂျော့ . . . ကျွန်တော့်ကို ၅နာရီထိုးရင် နှိုးမလား။
Sure thanks.
စိတ်ချပါ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| put | (v) | ထားသည် (lay, set) |
| empty suitcase | - | သားရေသေတ္တာအလွတ် |
| on the top shelf | - | အပေါ်ဆုံးအဆင့် |
| nap | (n) | တခဏအိပ်ခြင်း (doze) |
| supper | (n) | အဆာပြေ ညနေစာ (lightening meal) |
| clean | (v) | သန့်ရှင်းရေးလုပ်သည် (make clean) |
| hot water | - | ရေနွေး |
| except | (prep:) | မှ တစ်ပါး၊ ချန်လုပ်၍ (leaving out) |
| exception | (n) | ချွင်းချက် (person or thing left out) |
| at once | (adv) | ချက်ချင်း (immediately) |
| wake me up | - | ကျွန်တော့်ကို နှိုးပါ |
| awake | (a) | နိုးသော (not sleeping) |
| asleep | (a) | အိပ်ပျော်သော (sleeping) |

Are you awake or asleep?
ခင်ဗျား အိပ်နေသလား၊ နိုးနေသလား။

# GENERAL CONVERSATION (16)
# အထွေထွေ စကားပြောခန်း (၁၆)

Wakeup Ted.
တက် . . . ထတော့။
Hey, Ted! It's five o'clock.
ဟေ့ . . . တက်၊ ၅နာရီရှိပြီ။
Oh: Time to get up?
အို . . . ထဖို့အချိန်ရောက်ပြီ။
Yes. My watch says it's five.
ဟုတ်တယ် ကျွန်တော့်နာရီက ၅နာရီရှိပြီ။
I was having a funny dream.
ကျွန်တော့်အိပ်မက်က ရယ်စရာကောင်းတယ်။
What was funny about that?
ဘာ ရယ်စရာ ကောင်းလဲ။
Well, I couldn't catch the bus and I couldn't stop running either.
ဘတ်စ်ကားလဲ မမီ၊ အပြေးလဲ မရပ်နိုင် ဖြစ်နေတယ်။
That was a strange.
အဲဒါ ထူးဆန်းသားပဲ။
Well, if you don't hurry now. You'll have to run to get supper on time.
အေး ခင်ဗျား ခု မြန်မြန်မလုပ်ရင် ညနေစာမီအောင် ပြေးရလိမ့်ဦးမယ်။
But I'm going to eat the Campus Restaurant to night.
ဒါပေမယ့် ကျွန်တော် ဒီည ကျောင်းဝင်း ထမင်းဆိုင်မှာ စားမလို့။
Campus Restaurant? Is it on the campus?
ကျောင်းဝင်း ထမင်းဆိုင်လား၊ အဲဒါ ကျောင်းဝင်းအတွင်းမှာလား။
No. "Campus" is just the name of it.
မဟုတ်ဘူး၊ ဆိုင်ရဲ့နာမည်ပါ။
Look. Why don't you come with me?
ဒီမှာ . . . ကျွန်တော်နဲ့ လိုက်မလား။

After supper my girl friend and I am going to a party at the International club.
ညနေစာစားပြီးရင် ကျွန်တော့် သူငယ်ချင်းအမျိုးသမီးနဲ့ နိုင်ငံပေါင်းစုံအသင်းက အစည်းအဝေးပွဲ သွားမလို့။
We'd like you to come along.
ကျွန်တော်တို့က ခင်ဗျားလိုက်စေချင်တယ်။
That sounds like a good idea.
အဲဒါ အကောင်းသားပဲ။
By the way, what's your girl friend's name?
ဒါနဲ့ စကားမစပ် ခင်ဗျားသူငယ်ချင်းအမျိုးသမီးနာမည်က ဘယ်လိုခေါ်သလဲ။
Her name is Za Rah Ann.
သူ့နာမည်က ဇာရာအန်းပါ။

## Glossary (အဓိပ္ပါယ်)

| | | |
|---|---|---|
| watch | (n) | နာရီ (worn on the wrist) |
| funny | (a) | ပျော်စရာ-ရယ်စရာကောင်းသော (humorous) |
| dream | (n) | အိပ်မက် (heard during sleep) |
| funny dream | - | ပျော်စရာအိပ်မက်၊ ရယ်စရာအိပ်မက် |
| catch | (v) | ဖမ်းသည် (seize, capture) |

catch (catches) - caught - caught (catching)

| | | |
|---|---|---|
| A cold is catching | (a) | အအေးမိသည် |
| We couldn't catch the train | (v) | ကျွန်တော်တို့ ရထားမမီလိုက်ဘူး |
| strange | (a) | ထူးဆန်းသော (odd, peculiar) |
| stranger | (n) | လူစိမ်း (person not known) |
| party | (n) | အစည်းအဝေး |
| International club | - | နိုင်ငံပေါင်းစုံအသင်း |
| sound | (n) | အသံ (noise) |

We heard a strange sound.
ကျွန်တော်တို့ ထူးဆန်းတဲ့အသံ ကြားရတယ်။

# GENERAL CONVERSATION (17)
# အထွေထွေ စကားပြောခန်း (၁၇)

Is your girl friend's name Za Rah Ann?

မင်းရဲ့ သူငယ်ချင်း မိန်းကလေးနာမည်က ဇာရာအန်းလား။

That's right.

ဟုတ်ပါတယ်။

That shouldn't be hard to remember.

အမှတ်ရ မခက်ပါဘူး။

But what should I call her when we meet?

သူ့ကိုတွေ့ရင် ကျွန်တော် ဘယ်လိုခေါ်ရမလဲ။

Well, you could call her Miss Za Rah Ann.

မစ္စဇာရာအန်းလို့ ခေါ်နိုင်ပါတယ်။

That's fine. Well, what are our plans now?

အဲဒါ ကောင်းပါတယ်၊ ခု ကျွန်တော်တို့ အစီအစဉ်ဘာရှိလဲ။

We don't need any plans.

အစီအစဉ် မရှိပါဘူး။

Za Rah Ann decided to eat at her dorm to night.

ဇာရာအန်း ညစာ အဆောင်မှာ စားမယ်။

So we'll just pick her up there after supper.

သည်တော့ ညနေစာ စားပြီးရင် သူ့ကို ဝင်ခေါ်ကြမယ်။

Then we all will go over to the International club.

ပြီးရင် ကျွန်တော်တို့အားလုံး နိုင်ငံပေါင်းစုံအသင်းကို သွားကြမယ်။

Right. That's all.

ဟုတ်ပြီ၊ ဒါပဲ လုပ်စရာရှိတယ်။

Just what time are we supposed to meet Za Rah Ann?

ဇာရာအန်းကို ကျွန်တော်တို့ ဘယ်အချိန်သွားတွေ့မလဲ။

She said she'd be read'y at six.

သူ ၆နာရီမှာ အသင့်ဖြစ်မယ်။

What time is it now?

ခု ဘယ်နှစ်နာရီရှိပြီလဲ။

It is twenty after five already.

၅နာရီ၊ မိနစ် ၂၀ရှိပြီ။

Hey, we'd better stop talking and go to eat.

ဟေ့ . . . စကားပြောရပ်ကြစို့၊ သွားစားကြမယ်။

**Glossary** (အဓိပ္ပါယ်)

| | | |
|---|---|---|
| remember | (v) | အမှတ်ရသည် (call to mind) |
| Miss | - | အိမ်ထောင်မရှိသူ အမျိုးသမီး (unmarried woman) |
| Mrs | - | မစ္စက်၊ အိမ်ထောင်သည်အမျိုးသမီး (married woman) |
| after supper | - | ညနေစာစားပြီး |
| That is all | - | ဒါပဲ (ဒီလောက်ပါပဲ) |
| stop | (v) | ရပ်သည် (cease, halt) |

stop (stops) - stopped - stopped (stopping) to stop

| | | |
|---|---|---|
| Stop the machionery | - | စက်များကိုရပ်ထားပါ |
| Stop talking please | - | ကျေးဇူးပြုလို့ စကားပြောရပ်ကြပါ |

## GENERAL CONVERSATION (18)
## အထွေထွေ စကားပြောခန်း (၁၈)

Ted, tell me about the international club.

တက် . . . နိုင်ငံပေါင်းစုံအသင်းအကြောင်း ပြောပါဦး။

Well, you could say it's something like a fraternity.

ကျောင်းသားအသင်းလိုပါပဲ။

A fraternity is a social club for men.

ကျောင်းသားအသင်းဆိုတာ ယောကျ်ားကလေးများအတွက် ပေါင်းသင်းဆက်ဆံရေးအသင်းပါ။

That's right.

မှန်တယ်။

It's social club, too like the fraternities.

အဲဒါလဲ ကျောင်းသားအသင်းလို ပေါင်းသင်းဆက်ဆံရေးအသင်းပဲ။

It's special kind of a club, though.

ဒါပေမယ့် တစ်မျိုးစီပဲ။

In what way?

ဘယ်လိုလဲ။

Well, it has a special purpose.

သူ့ရည်ရွယ်ချက်က သပ်သပ်ပါ။

You see, at least half of its members are from other countries.

အဲ့ဒီမှာ အသင်းသား အနည်းဆုံး တစ်ဝက်လောက်က နိုင်ငံခြားသားတွေပဲ။

Some of those members will be at the house to night.

အဲဒီ အသင်းသားတချို့သည် ည အသင်းတိုက်မှာ ရှိမယ်။

The purpose of the club is to develop international understanding.

အသင်းရည်ရွယ်ချက်ကတော့ နိုင်ငံခြားသားအချင်းချင်း နားလည်မှု တိုးတက်အောင်ပါ။

I'm afraid that's a pretty hard problem.

အဲဒါ တော်တော်လေး ခက်ခဲတဲ့ပြဿနာပါ။

I'd like to hear more about it.

အဲဒီအကြောင်း ထပ်ကြားချင်သေးတယ်။

You will, you can be sure.

ခင်ဗျား နားထောင်ရမှာပါ၊ စိတ်ချပါ။

Za Rah Ann is a member.

ဇာရာအန်းဟာ အသင်းဝင်တစ်ယောက်ပါ။

Oh, she is. You mean she'll explain it to me.

